သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်
ရန်ကုန်

နှစ်(၄၀)ပြည့် ပတ္တမြားရတု

နှစ်လည်မဂ္ဂဇင်း ၂၀၀၄

Scanned with CamScanner

စာမျက်နှာပြင်ဆင်ဖွဲ့စည်းမှု
အေးအေးပြိုပ်။ တင်ဇာထွန်း
Echo Media
စာစီစာပြု
Shunn Lei
Desktop Publishing
မျက်နှာဖုံးဒီဇိုင်း
အံ့ဘွယ်ဇင်
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၃၀၀၀၇၀၅၀၁(၁၄-၁-၂၀၀၅)
စာမှုခွင့်ပြုချက်အမှတ်
၅၃၀၀၀၅၀၅၀၁(၁၄-၁-၂၀၀၅)
ကာလာခွဲ
sunn scangraphics
ထုတ်ဝေသူ
ပါမောက္ခ
ဒေါက်တာဦးသိန်းကြူ
သွားဘက်ဆိုင်ရာ
ဆေးတက္ကသိုလ်(ရန်ကုန်)
ပုံနှိပ်သူ
ဦးတိုးဝင်း။
နေလရောင်ပုံနှိပ်တိုက်
အုပ်ရေ ၂၀၀၀
တန်ဖိုး ( ) ကျပ်
စာအုပ်ချုပ် ဇမ္ပူတလူ

နှစ်(၄၀)ပြည့် ပတ္တမြားရတု

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်

ကတိသစ္စာ
သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) အဓိဋ္ဌာန်ပြု ကတိသစ္စာ။ ၅။

ဥယျောဇဉ်
ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဦးဘမြင့် ၆။

မှတ်တမ်း
ပညာရေးအဖွဲ့ မှတ်တမ်းဓာတ်ပုံများ ၇။
မြန်မာ့သွားဘက်ဆိုင်ရာ ဆေးပညာ၏ မီးရှူးတန်ဆောင် ဆရာကြီး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဦးအောင်သန်း မဂ္ဂဇင်း ကော်မတီ ၄၈။
ဖွဲ့စည်းပုံနှင့် ဓာတ်ပုံများ ရုပ်ပုံလွှာများ ၅၃။
သတင်းစာများကပြောသော သမိုင်း ၆၄။
နိုင်ငံ့သားကောင်း သွားဆရာဝန်လောင်း တို့နှင့် ဘွဲ့လွန်ဆေးပညာရှင်တို့၏ သင်ကြားရေး မှတ်တမ်း ၉၇။
မွေခံထိုက်စေ ၁၅၄။
သွားတုပညာ ကျွမ်းကျင်မှု သင်တန်းကျောင်း ၁၆၆။
သွားကျန်းမာရေး ဆရာမ သင်တန်းကျောင်း ၁၆၇။

စကား
အာစရိယတို့၏ အမှာစကား ၃၇။
နှစ်လည်မဂ္ဂဇင်း ကော်မတီ ၄၅။
ဥက္ကဋ္ဌ၏ အမှာစကား

အစီရင်ခံချက်
၄၆ ။ နှစ်လည်မဂ္ဂဇင်းကော်မတီ အတွင်းရေးမှူး၏ အစီရင်ခံစာ
၄၇ ။ နှစ်လည်မဂ္ဂဇင်းကော်မတီ တွဲဖက် အတွင်းရေးမှူး၏ အစီရင်ခံစာ

ဓာတ်ပုံမှတ်တမ်း
၇၁ ။ ဗုဒ္ဓဘာသာအသင်း လှုပ်ရှားမှု မှတ်တမ်း
၇၆ ။ ဘဝထဲက အလှ
၇၈ ။ စာပေနှင့် အနုပညာ
၈၂ ။ အားကစား လှုပ်ရှားမှု
၁၁၂။ အနှစ် (၄၀) မှ ဓာတ်ပုံများ

တွေ့ဆုံခြင်း
၁၄၂။ ကျွမ်းကျင်ဆရာ ပညာမှာ

ကျန်းမာရေးအမြင်
၁၆၀။ သွားနှင့်ခံတွင်း ကျန်းမာရေး အတွက် ပြည်သူချစ်သော အနုပညာရှင်များ၏ အမြင်

ကဗျာ
၇၀ ။ ချစ်သူနှင့် မာန
၈၇ ။ ပြောင်းလဲခြင်းများစွာ
၉၁ ။ ကျောင်းသား
၉၅ ။ အို…အမေ
၉၆ ။ ဆန္ဒ
၁၀၅။ သို့…အလွမ်းများ
၁၃၄။ အမေများသို့
၁၇၇။ အလေ့အကျင့်
၁၈၃။ အဖြူရောင် သူငယ်ချင်းသို့
၂၀၁။ သိစေချင်တယ်

Scanned with CamScanner

ရန်ကုန် နှစ်လည်မဂ္ဂဇင်း ၂၀၀၇

အဖွင့်ကဗျာ

သမားဓိဋ္ဌာန် ၂၆။
ဇွဲ ၂၇။
အမေသို့ တမ်းတခြင်း ၂၈။
ပန်းပျိုးသူ၏ ဆန္ဒမွန် ၂၉။
Love of dental student ၃၀။
ချစ်သူဝတ်ရုံ ၃၁။
ကောင်းကင်မဲ့ပန်းချီ ၃၂။
တံလျှပ်များ ၃၃။

ကာတွန်း

မောင်ဝဏ္ဏ ၅၇။
ငွေကြေည် ၅၈။
တင်အောင်နိ ၅၉။
သစ်ထွက်း ၆၀။
မြေဇာ ၆၁။
မောင်မောင် ၆၂။
မောင်ထွန်းလင်းအောင် ၆၃။
ဝန်းဖန်း ၁၂၆။
ချဉ်ဖတ် ၁၂၇။
ဇွန်ပန်း ၁၂၈။
ဇွန်ပန်း ၁၂၉။
အဖြူ ၁၃၀။
ဝန်းဖန် ၁၃၁။

ဟာသ

သင်ပုန်းကြီး ၆၇။
ဟာသစာမျက်နှာ ၁၂၄။
ဟာသစာမျက်နှာ ၁၃၅။
သွားပိုးစားနေပါသလား ၁၆၈။
ဒန္တသုခ ၁၇၀။
ဟာသစာမျက်နှာ ၂၁၁။

သုတရသဆောင်းပါး

၈၄။ သွားဘက်ဆိုင်ရာ ဆေးပညာ
အကြောင်း တစေ့တစောင်း
၈၈။ ကဘော်ချိုင့်ဝမ်းသို့
ခရီးတစ်ခေါက်
၉၂။ ရွှေရတုမှသည်
ရွှေရတုဆီသို့
၁၀၂။ တမ်းတဖွယ်ရာ
တက္ကသိုလ်ပုံရိပ်များ
၁၀၆။ ဟော်ခဲ့ရ ရွှင်ခဲ့ရ
'သွားကျောင်းသား'ဘဝ
၁၁၀။ ရေစီးကောင်းသော
သမိုင်းကြောင်း
၁၁၆။ ကျေးဇူးတင်ပါတယ်
သမီးရယ်
၁၃၂။ မြတ်ဗုဒ္ဓ၏
သွားဒေသနာတော်
၁၄၀။ ဗုဒ္ဓသာသနာ ထွန်းကားရာ
သွားဘက်ဆိုင်ရာ
ဆေးတက္ကသိုလ်
၂၁၂။ သွားပွတ်တံ ကိုင်တွယ်
အသုံးပြုခြင်း
၂၁၄။ သွားဘက်ဆိုင်ရာ
ဆေးတက္ကသိုလ် ရန်ကုန်နှင့်
ကာကွယ် လူမှုဆေးပညာ
၂၁၆။ ပဋိဇီဝဆေးဝါးများ အစွမ်း
ထက်မြက် အာနိသင်ရှိရေး
၂၂၂။ ရောစပ်ထားသော
ကျဆုံးခြင်းအကြောင်း
၂၃၂။ သွားနှင့်ခံတွင်းကျန်းမာရေး
မိမိကိုယ်တိုင် စစ်ဆေး
သန့်ရှင်းပေး

စောင့်ဆိုင်းခြင်း ၂၂၈။
အတတ်ပညာ
ပညာသင်ထောက်ပံ့ကြေး ၂၃၆။
အကြောင်း သိကောင်းစရာ

ဝတ္ထုတို

မျဉ်းပြိုင် ၁၇၄။
ဒုတိယလူ ၁၇၈။
ကျွန်တော်၏သူမ ၁၈၄။
အတ္တရဲ့အရိပ် ၁၈၉။

မြန်မာပြန်

အတွေးကပ်ပြား ၁၉၆။
အသက် ၂၀၂။
မကယ်လိုက်ရသော
ဆရာဝန်
ဘဝကို ၂၀၄။
အလှဆင်ကြသူများ
အံ့သြဖွယ်ရာ ၂၀၈။
အပ်စိုက်ပညာ
ခန္ဓာကိုယ်မှ ၂၃၁။
လျှပ်စစ်ဓာတ်
စေ့ဆော်မှု

ဝတ္ထုရှည်

နမ်းရှိုက်မိသော ၂၃၈။
ကျိန်စာတစ်ပုဒ်
နွယ်တစ်မျှင် ၂၄၈။
နှောင်တွယ်ငင်သည်ကြောင့်

Scanned with CamScanner

English Section Contents

258	Percepts of Life
259	After the first candles were kindled
260	Your acid Tong
	What's your destiny?
261	Oral Health for Healthy Life
262	The role of Medical Professionals in prevention of spread of
	HIV infection with respects to Oral Manifestations (a case report)
264	Reflections of First-time Professors
267	Our Graduates
270	A Gift
274	Ultrasound in Dentistry
276	Though it was second choice
279	My idea of a good teacher
280	Halitosis (Bad Breath)
286	Good prescribing practice
289	Recollections of A Dental student
290	Tears of Happiness
293	Digging the G Love story of Johns Hopkins
296	Clove
298	Do as you would be done by Ethics?
300	Crossword Puzzle

Scanned with CamScanner

နှစ်လည်မဂ္ဂဇင်း (၂၀၀၄) ဖြစ်မြောက်ရေးအတွက် လိုအပ်သော ရန်ပုံငွေများ ပါဝင်ကူညီဆောင်ရွက်ပေးကြသူများအား လှိုက်လဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်

1. UNITED PHARMA (YANGON) CO., LTD.
2. 'T' CARE DENTAL CLINIC
3. Dr. Swe Swe Win (ဌာနမှူး၊ မေးရိုးနှင့်ခံတွင်းဆေးပညာဌာန)
4. Sein Gay Har International Shopping Centre
5. CIPLA (VIMAL CO., LTD.)
6. Dr. Thant Sin
7. Dr. Khin Ko Latt (Hla Ba Yin Furniture Mart)
8. LASER Toothpaste
9. U Kyaw Pe ('ကျော်ဖေ' ပလာစတာနှင့် သွားပစ္စည်းရောင်းဝယ်ရေး)
10. UNITY HOTEL (Mandalay)
11. ROYAL RUBY CO., LTD.
12. Dr. Sein Shwe
13. Dr. Aung Kyaw Htoo
14. Dr. Thein Tun Oo
15. Dr. Khin Sandar Htun
16. Dr. Su Yin Htun
17. Dr. Khin Zaw
18. Dr. Kyu Kyu Aye
19. Dr. Tin Maung Tun & Dr. Khin Thida Win

နှစ်လည်မဂ္ဂဇင်းကော်မတီ(၂၀၀၄)

Scanned with CamScanner

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် အဓိဋ္ဌာန်ပြု ကတိသစ္စာ

ကမ္ဘာတလွှား ကျော်ကြားထင်ရှားခဲ့သော သမားဟူးရားကြီးများအား သက်သေထား၍ အကျွန်ုပ်သည် ဤအဓိဋ္ဌာန်ပြု ကတိသစ္စာကို ရွတ်ဆိုသစ္စာပြုပါအံ့။

(၁) အကျွန်ုပ်သည် လူသားအားလုံးတို့၏ ကိုယ်၏ကျန်းမာရေး စိတ်၏ချမ်းသာရေးကို အကျွန်ုပ်၏ အရေးကဲ့သို့ ယူဆပါအံ့။

(၂) အကျွန်ုပ်အား သွားဘက်ဆိုင်ရာဆေးပညာ သင်ကြားပေးခဲ့သော ဆရာသမားများအား မိဘသဖွယ် ကိုးကွယ်ပါအံ့။

(၃) အကျွန်ုပ်သည် ဆေးဆရာများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး အကျင့်စာရိတ္တ ပျက်ပြားမှုမှ ရှောင်ကြဉ်ပါအံ့။

(၄) အကျွန်ုပ်သည် ဂိလာနုပဂွိုလ်များအား အမြဲတစေ စွမ်းစွမ်းတမံ စောင့်ရှောက် ကုသ ပါအံ့။

(၅) အကျွန်ုပ်သည် လူသားတို့အား ဘေးဥပါဒ်ဖြစ်စေမည့်ဆေး၊ သေစေတတ်သည့် ဆေးများကို ကိုယ်တိုင်ပေးခြင်းမှလည်းကောင်း၊ သူတစ်ပါးအားလည်း ပေးစေခြင်း မှလည်းကောင်း အခါခပ်သိမ်း ရှောင်ကြဉ်ပါအံ့။

(၆) အကျွန်ုပ်သည် ဂိလာနုပဂွိုလ်များအားကုသစဉ် တွေ့မြင်ကြားသိရသည့် အတွင်းရေး ကိစ္စအဝဝကို ဖွင့်ဆိုအပ်သည်တို့မှလွဲ၍ မည်သည့်အခါတွင်မဆို ဖွင့်ဟခြင်းမှ ရှောင်ကြဉ်ပါအံ့။

(၇) အကျွန်ုပ်သည် တရားမဝင်သော ခွဲစိတ်ကုသခြင်းတို့မှ အမြဲတစေ ရှောင်ကြဉ်ပါအံ့။

(၈) ယခု ကတိသစ္စာပြုသည့်အတိုင်းဆောင်ရွက်ပါသော် အကျွန်ုပ်သည် ကောင်းကျိုး မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေသား။

Scanned with CamScanner

ပါမောက္ခချုပ်၏ ဥယျောဇဉ်

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ပေါ်ထွန်းလာသည်မှာ နှစ်လေးဆယ် (ပတ္တမြား ရတု) အချိန်အခါသမယသို့ပင် ရောက်ရှိလာခဲ့ပေပြီ။ ဤပတ္တမြားရတုအချိန်ခါနှင့် တိုက်ဆိုင်စွာ ဤနှစ်လည်မဂ္ဂဇင်းကြီးကို သုတရသစာပေ ဗဟုသုတကဏ္ဍစုံလင်စွာဖြင့် အောင်မြင်စွာ ထုတ်ဝေနိုင်သည်မှာ လွန်စွာဝမ်းမြောက်ဂုဏ်ယူဘွယ် ဖြစ်ပါသည်။ ဤမဂ္ဂဇင်းကြီး အောင်မြင်စွာ ပေါ်ထွန်းလာစေရန် အဖက်ဖက်မှ ဝိုင်းဝန်းကြသည့် ဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူ ဝန်ထမ်းများအားလုံးကို အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားလိုက်ပါသည်။

'စာအုပ်စာပေ လူ့မိတ်ဆွေ'၊ 'အလိမ္မာ စာမှာရှိ'၊ 'စာပေမြင့်မှ လူမျိုးတင့်သည်' ဆိုသည့် စကားရပ်များသည် စာပေ၏အကျိုးကျေးဇူးကြီးမားပုံကို ထင်ဟပ်စေသည့် စကားရပ်များပင် ဖြစ်ပေသည်။

သွားဘက်ဆိုင်ရာ ဆေးပညာရှင်များသည် ခေတ်နှင့်အညီ တိုးတက်ထွန်းကားနေသည့် သွားဘက်ဆိုင်ရာ ဆေးပညာများကို လေ့လာဆည်းပူးပြီး သွားဆရာဝန်ကောင်းများဖြစ်ရုံမျှမကဘဲ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးစသည့်ကဏ္ဍများတွင် တစ်တပ်တစ်အားအဖြစ် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

ယနေ့ခေတ်လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံတော်မှ အားထားရမည့် လူတော် လူကောင်းများဖြစ်ရန် အစွမ်းကုန် ကြိုးစားကြရမည့်သူများ ဖြစ်ပေသည်။ လူငယ်များအနေဖြင့် ကာယ၊ ဉာဏ၊ ဘောဂ၊ မိတ္တ၊ စာရိတ္တ၊ ဗလတည်းဟူသော ဗလငါးတန်နှင့် ပြည့်စုံရန် အထူးအရေးကြီးလှပေသည်။

ဤတက္ကသိုလ်ကြီးမှ ကျောင်းသူကျောင်းသားများသည် မိမိတို့ သင်ယူရမည့် သွားဘက်ဆိုင်ရာ ဆေးပညာကို ကောင်းစွာသင်ယူကြပြီး ဘဝခရီးလမ်းကို လျှောက်လှမ်းသည့် အချိန်တွင် 'ပညာပြည့်ဝ နှလုံးလှ'သည့် 'လူရည်ချွန်'၊ 'လူရည်မွန်'များဖြစ်ကြပါစေ၊ တိုင်းပြည်နှင့်လူမျိုး အကျိုး၊ မိဘဆွေမျိုးအကျိုး ထိုအကျိုးစီးပွားများ တိုးတက်လာစေရန် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ပါမောက္ခ ဒေါက်တာဦးဘမြင့်
ပါမောက္ခချုပ်
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်။

Scanned with CamScanner

ပါမောက္ခ ဒေါက်တာ ဦးဘမြင့်

B.D.S. (Pb.), Ph.D. (Japan), F.I.C.D.

ပါမောက္ခချုပ်၊

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်။

Scanned with CamScanner

ပါမောက္ခ ဒေါက်တာ ဦးကိုကိုမောင်

B.D.S (Ygn), M.D.Sc. (Ygn), D.A.

ပါမောက္ခ၊ ဌာနမှူး၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန

Scanned with CamScanner



ပါမောက္ခ ဒေါက်တာ ဦးပွင့်ဖူး

B.D.S. (Ygn), M.Sc. (Manch.), F.I.C.D., F.I.C.C.D.E.

ပါမောက္ခ၊ ဌာနမှူး၊ သွားရောဂါကုဆေးပညာဌာန။

Scanned with CamScanner



ပါမောက္ခ ဒေါက်တာ ဦးသိန်းထွဋ်

B.D.S. (Ygn), M.Sc. (Manch.), F.I.C.D.

ပါမောက္ခ၊ ဌာနမှူး၊ သွားကျန်းမာရေးပညာဌာန။

Scanned with CamScanner



ပါမောက္ခ ဒေါက်တာ ဦးမျိုးဝင်း

B.D.S. (Ygn), M.D.Sc. (London), M.Phil. (London).

ပါမောက္ခ၊ ဌာနမှူး၊ ကလေးသွားကျန်းမာရေးနှင့် သွားညှိကုပညာဌာန။

Scanned with CamScanner



ပါမောက္ခ ဒေါက်တာ ဦးသိန်းကြူ

B.D.S. (Ygn), M.D.Sc. (Ygn), F.I.C.D.
Cert. in advanced Prosthodontics & Geriatric Dentistry (Tokyo).

ပါမောက္ခ၊ ဌာနမှူး၊ သွားတုဆေးပညာဌာန။

Scanned with CamScanner

ဒေါက်တာ ဒေါ်ဆွေဆွေဝင်း

B.D.S. (Ygn), M.D.Sc. (Ygn), F.I.C.D.
Cert. in Molecular Pathlogy (Tokyo).

ဘွဲ့လွန်ကထိက၊ ဌာနမှူး၊ မေးရိုးနှင့် ခံတွင်းဆေးပညာဌာန။

Scanned with CamScanner

ပါမောက္ခ ဒေါက်တာ ဦးကြည်စိုး

M.B.,B.S., F.R.C.S (Edin)
M.I.S.S.F.I.C.C.D. (U.S.A)

ပါမောက္ခ၊ ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်။

Scanned with CamScanner

ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မေအုန်း

M.B.,B.S. (Ygn), M.Med.Sc. (Medicine),
M.R.C.P. (UK), Dr. Med. Sc. (Int. Med.)

ပါမောက္ခ၊ ဌာနမှူး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်။

Scanned with CamScanner

ဒေါက်တာ ဒေါ်ဝင်းဝင်းမြင့်

M.B.,B.S., M.Med.Sc. (Int.Med),

Dr. Med.Sc. (Gen. Med.)

တွဲဘက်ပါမောက္ခ၊ ဆေးပညာဌာန၊

ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်

ဒေါက်တာ ဦးသန်းလွင်

M.B.,B.S., M.Med.Sc. (Surg),

M.R.C.S. (Ed)

ကထိက/ခွဲစိတ်အထူးကုဆရာဝန်ကြီး၊

ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်။

Scanned with CamScanner

ဒေါက်တာ ဦးမောင်မောင်ကြီး

M.B.,B.S.,
Dip.Med.Sc (Hosp. Admin.)
ဆေးရုံအုပ်ကြီး၊ စံပြဆေးရုံ၊ သဃ်ိန်းကျွန်း။

ဒေါက်တာ ဒေါ်အေးကြည်ကြည်

M.B.,B.S., M.Med.Sc. (P & TM),
M.A. (Popn & RH)
ကထိက၊ ဌာနမှူး။
ကာကွယ်ရေးနှင့် လူမှုဆေးပညာဌာန။

Scanned with CamScanner

ဒေါက်တာ ဦးစိန်မြင့်

M.B.,B.S. (Ygn), D.Path (Ygn).

ကထိက၊ ဌာနမှူး၊ ရောဂါဗေဒဌာန။

ဒေါက်တာ ဒေါ်မေဆည်

M.B.,B.S., D.Bact, D.T.M. (Japan), M.Med.Sc. (Microbiology).

ကထိက၊ ဌာနမှူး၊ အကာဇီဝဗေဒဌာန။

Scanned with CamScanner

ဒေါက်တာ ဒေါ်ဝင်းဝင်းမေ

M.B.,B.S.,
M.Med.Sc. (Pharmacology).

ကထိက၊ ဌာနမှူး၊ ဆေးဝါးဗေဒဌာန။

ဒေါက်တာ ဒေါ်နွယ်နွယ်အောင်

B.D.S. (Ygn), M.D.Sc. (Ygn)

ကထိက၊ ဌာနမှူး၊ ခံတွင်းဇီဝသိပ္ပံပညာဌာန။

Scanned with CamScanner

ဒေါက်တာ ဒေါ်စိုးစိုးပိုင်
M.B.,B.S, M.Med.Sc. (Anatomy).
ကထိက၊ ဌာနမှူး၊ ခန္ဓာဗေဒဌာန။

ဒေါက်တာ ဒေါ်အေးအေးသိန်း
M.B.,B.S., M.Med.Sc. (Physiology).
ကထိက၊ ဌာနမှူး၊ ဇီဝကမ္မဗေဒဌာန။

Scanned with CamScanner

ဒေါက်တာ ဒေါ်အိအိဝင်း
M.B.,B.S., M.Med.Sc. (Biochemistry).
ကထိက၊ ဌာနမှူး၊ ဇီဝဓာတုဗေဒဌာန။

ဒေါ်ခင်ဥမ္မာရီ
M.Sc. (Chemistry).
ကထိက၊ ဌာနမှူး၊ ဓာတုဗေဒဌာန။

Scanned with CamScanner

ဒေါ်အေးအေးကြည်လှ

M.Sc. (Botany).

ကထိက၊ ဌာနမှူး၊ ရုက္ခဗေဒဌာန။

ဒေါ်လှလှဝင်း

M.Sc. (Physics).

ကထိက၊ ဌာနမှူး၊ ရူပဗေဒဌာန။

Scanned with CamScanner

ဒေါ်ဝင်းဝင်းမြင့်

M.Sc. (Zoology).

ကထိက၊ ဌာနမှူး၊ သတ္တဗေဒဌာန။

ဒေါ်တင်တင်ထွေး

M.Sc. (Maths).

ကထိက၊ ဌာနမှူး၊ သချိၤဌာန။

Scanned with CamScanner

ဒေါ်ခင်ခင်ဆွေ

B.A. (Eng). (Hons,), M.A. Part I

ကထိက၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန။

ဒေါ်ခိုင်ယဉ်ဝင်း

B.A. (Hons,) M.A. (Myanmar).

ကထိက၊ ဌာနမှူး၊ မြန်မာစာဌာန။

၂၄ သွား၊ဘက်ဆိုင်ရာဆေး၊တက္ကသိုလ် နှစ်သည်မှုဇင်း၊ ၂၀၀၄

Scanned with CamScanner



ဦးကျော်လှ
B.A. (History).
မော်ကွန်းထိန်း

ဒေါ်ကြည်ကြည်မင်း
B.Sc. (Hons,), M.Sc. (Physics).
လက်ထောက်မော်ကွန်းထိန်း။။

Scanned with CamScanner

သမားမိဋ္ဌာန်

စိန်

၊သွား/ဆေးတက္ကသိုလ်၊

သမားကျင့်မြတ်၊ ဆေးအတတ်ဖြင့်
စိတ်ဓာတ်သမ္မာ၊ ဖြူစင်စွာဖြင့်
သင့်ကျန်းမာရေး၊ ကာကွယ်ပေးရန်
ရှေးဦးဇနန်၊ ငါမိဋ္ဌာန်၏။

သိပ္ပစွမ်းအား၊ လွန်ထွန်းကားချိန်
ဆန်းပြားရောဂါ၊ ကုထုံးရှာရင်း
ဆုံးခါမရှိ၊ ဆေးအသိတွက်
ဆက်လက်ဆည်းပူး၊ အထူးတတ်မြောက်
ထွန်းပေါက်သမား၊ ဂုဏ်ရည်ကြွားလျက်
မာနမတက်၊ လူ့အသက်ကို
နေ့ချိုညအို၊ မဆိုစတမ်း
တတ်ကျွမ်းသမှု၊ ကြိုးစားကုမည်
ကျိုးပြုဇနန်၊ ငါမိဋ္ဌာန်၏။

ကူပါ ကယ်ပါ၊ တောင်းဆိုလာသူ
လူနာဟူကြ၊ ဂီလာနမှ
များလှသပြာ၊ ရှာရန်မလွယ်
တာတွယ်ကြောင်နာ၊ ဤလူ့ရွာမှာ
ချမ်းသာဆင်းရဲ မတူကွဲလည်း
မခွဲခြားလို
သနားယိုဖိတ်၊ စာနာစိတ်ဖြင့်
အသင့်ကူရန်၊ ငါမိဋ္ဌာန်၏။

လူဖြစ်လာရ၊ ဤဘဝဝယ်
တောမှတောသား၊ မခွဲခြားလို
မြို့နားကပ်ရပ်၊ မနေအပ်မို့
ကွက်လပ်ဖြည့်ရန်၊ ကျတာဝန်ကို
ကျေပွန်စေငြား၊ သွေးရင်းသားတို့
ကိုးစားအားထား၊ ပြည့်စုံသွားအောင်
ကြိုးစားအမှန်၊ ငါမိဋ္ဌာန်၏။ ။

(ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို
အောက်မေ့လျက်)

Scanned with CamScanner

လေဖြင်းကထန်
ရေစီးသန်လျက်
လျင်မြန်လှေကြီး
စုန်ဆန်ပြီးလျှင်
မငြီးလှော်ခတ်
လိုရာရပ်သို့
ရောက်လတ်အမြဲ
အားအန်ခဲ၏။

၆/
မောင်သိန်းကြူ

၁၉၇၀၊

၂၀၀၄ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နှစ်ထည်မှတ်၊ ၂၇

Scanned with CamScanner

အမေသို့ တမ်းတခြင်း

A - Chit

အမေ....
ဘယ်လောက်ပင်ဆင်းရဲ
ဖြူစင်တဲ့ အမှေသီလနဲ့
အမှေရဲ့ မေတ္တာကြောင့်
နံချာတဲ့ အမှေသား
ပတ်ဝန်းကျင်အလယ်မှာ
မျက်နှာမငယ်ခဲ့ဘူးနော်။
အမေ....
အခုတော့
သားကိုစွန့်ခွာ
အေးငြိမ်းတဲ့နေရာသစ်မှာ
ထာဝရ အိပ်စက်နေရင်းက
သားကို
ရော်ယမ်းတမ်းတ
စိတ်ပူနေရှာသလား အမေ။
အမှေရဲ့ဘဝ
အမှေ ရည်မှန်းချက်
အမှေမျော်လင့်ချက်ကို
သား အောင်လံထူနိုင်ခဲ့ပြီ အမေ။
အမေချစ်တဲ့သား အမှေသားလေ
အခုတော့
အမှေရဲ့ လတ်ဆတ်ဆဲမေတ္တာရိပ်အောက်မှာ
အမှေစကားကို
ရင်ဝယ်ပိုက်ရင်း
ပညာတတ်ကြီး ဖြစ်နေခဲ့ပြီပေါ့အမေ။
အိပ်စက်နေတဲ့ အမှေနလုံးသား
သားတမ်းတတဲ့ တမ်းချင်းကို
ပီတိအပြုံးတွေနဲ့
ကြားနိုင်ပါစေ အမေ။

Scanned with CamScanner



ပန်းပျိုးသူ၏ ဆန္ဒမွန်

ဒေါက်တာတိုး

'ပန်းကလေးများ.....ပွင့်တော့မည်
ဖူးတံဝင့်လို့ချီ .....နေခြည်မှာ ရွှေရည်လောင်း
ငါတို့ စာသင်ကျောင်း' တဲ့.....
ကောင်းလိုက်တဲ့ ကဗျာတစ်ပုဒ်.....ရင်ထဲ လှုပ်ခတ်
ဖြန့်ကျက်အတွေး.....ခပ်ရေးရေးမြင်
မကြာခင်.....
ပန်းတွေ အမှန်ပင် ပွင့်တော့မည်။

ပန်းတွေပွင့်အောင်.....ကြံဆောင်စုပေါင်း
ရေလောင်းပျိုးကြ.....အားမာန်ခွန်သန်
ပင်ပန်းခံကာ.....နာသုံးနာနှင့်
သင့်ရာအပ်ပို့.....ဆရာ'တို့'တတွေ
တာဝန်ကျေခဲ့။

ပန်းယဉ်ပန်းရိုင်း.....ခွဲခြားနိုင်းယှဉ်
ပြစ်မြင်ရက်.....ချစ်ကြင်လျက်ရှိ
ပွင့်သည့်ပန်းတိုင်း.....အနှိုင်းမဲ့စွာ
လှကြပါစေ.....
ကာလကြာရှည်.....အပွင့်ဝေဆာ
ခက်ငုံဖြာဝေ.....သီးကြပါစေ
တောင်းဆုချွေသည်.....
စုံညီတင့်မော.....ပန်းစုံတောဝယ်
ပွင့်သောပန်းတိုင်း.....မွေးပါစေ။

နောက်ဆုံးနှစ် ကျောင်းသား/ကျောင်းသူများသို့ အမှတ်တရ

Scanned with CamScanner

LOVE OF DENTAL STUDENT

Canine

ခန္ဓာကိုယ်ရဲ့ အမာဆုံး
Enamel အလွှာလို
တို့ရင်ထဲမှာ ခိုင်မာတဲ့ သစ္စာတွေနဲ့ပါ။
Cementum နဲ့ Alveolar Bone ကြား
Periodontal Ligament တွေရဲ့
ယှက်နွယ်ထားသလို
တို့ရင်ထဲမှာ သမုဒယသံယောဇဉ်တွေနဲ့ပါ။
Canine မှာ
Cusp တစ်ခုတည်းရှိသလို တို့ရင်ထဲမှာ
မင်းတစ်ယောက်တည်းသာ ရှိပါတယ်။
တစ်သက်မှာသာ
တစ်ကြိမ်ထွက်တဲ့ 1st molar လို
တို့အချစ်ဟာ တစ်သက်တာတွက်
တစ်ကြိမ်ပဲပွင့်ပါတယ်။
သွားတွေ ပြိုပျက်ပြုန်းလည်း
မဆိတ်သုန်းဘဲ
အသက်ထက်ဆုံးရှိနေမှာကတော့
မပြောင်းလဲတဲ့
(တို့)အချစ်တွေဆိုတာ.....ယုံပါကွယ်.....

Enamel – ကြွေသွားလွှာ
Cementum – သွားမြစ်ပတ်လွှာ
Alveolar Bone – သွားပတ်ဝန်းကျင်မှ အရိုး
Periodontal Ligament – သွားမြစ်ပတ်မြေး
Canine – စွယ်သွား
Cusp – သွားထိပ်အချွန် (သွားတက်)

Scanned with CamScanner

ချစ်သူ့ဝတ်ရုံ

နိုနို၊ မြန်မာစာ၊



လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ထားလိုက်တယ်
ပန်းနဲ့မတန်တဲ့ အင်အားကို
ကိုယ်သုံးမိပြီလို့ နောက်တော့မှ သတိရလို့
ဖွဖွလေး အသာပြန်ကိုင်ထားလိုက်ပါတယ်။
ပန်းပေးသူဟာ ချစ်သူလို့ ခေါ်မှာလား။
ချစ်သူကို ကြည့်လိုက်တော့
နီမြန်းမြန်းမျက်နှာနဲ့
ကိုယ့်လက်ထဲက သူ့ပန်းကုံးကိုကြည့်ရင်း
ကြည်နူးရယ် ရယ်နေတယ်.....။
ချစ်သူက သည်အချိန်မှာ
အလှဆုံးပဲ
သူ့မျက်လုံးလေးတွေကလဲ တောက်လို့
ကလေးလို ပြုံးရယ်လို့
ဝတ်ရုံအရှည်ကြီးကိုတော့ လွမ်းခြုံထားလို့.....။
ကိုယ်ကြည့်လိုက်တိုင်း
သူ့ဝတ်ရုံကြီးကို ခဏခဏပြန်ပြင်ခြုံနေတယ်
ကိုယ်ကပြုံးရယ်ရင်း
သူ့အနားကပ်လာပြီး
တစ်နေ့ပြီးတစ်နေ့ တစ်ထပ်ပြီးတစ်ထပ်
ခွာမှန်းမသိ တဖြည်းဖြည်းချင်း
သူ့ဝတ်ရုံကိုခွာပေးမိတယ်။
နောက်ဆုံးတစ်ထပ်နဲ့
အနီးဆုံးတစ်လွှာကို ကိုယ်ရောက်တဲ့အခါ
သူ့ဝတ်ရုံကို ကိုယ်အသာပြန်ခြုံပေးလိုက်တယ်။
ဘယ်တော့မှ ဖွင့်မကြည့်တော့ဘူးလို့
ဆုံးဖြတ်လိုက်ပါတယ်။
လိမ်တယ်ဆိုတာ
ကိုယ့်အားနည်းချက်ကို ဖုံးကွယ်တာလို့
ချစ်သူကို မပြောရက်တော့ပါဘူး။
အကာအကွယ်မဲ့ ဟင်းလင်းပြင်မှာ
သူ ဘယ်တော့မှ ရပ်နိုင်တော့မယ် မဟုတ်ဘူး.....။
အကာအကွယ်မဲ့ ဟင်းလင်းပြင်မှာ
နဂိုနာရီအတိုင်း ရပ်နေခဲ့တဲ့ကိုယ်ဟာ
ကျန်ခဲ့သူလား နှုတ်ဆက်သူလားလို့
ကိုယ့်ကိုယ်ကိုယ် မဝေခွဲတော့ဘဲ
ဝတ်ရုံရှည်ကြီးနဲ့
ထွက်ခွာသွားတဲ့ချစ်သူကို
သူ့ပန်းကုံးကို ကိုင်ထားရင်း ရပ်ကြည့်နေခဲ့တယ်။
ချစ်သူရယ်
မင်းဝတ်ရုံကို ဇာပုဝါနောက်ကွယ်က
မင်းနောက်ထပ်ရလာတဲ့
ကိုယ့်ကို လွမ်းဆွတ်မျက်လုံးတွေကိုကော
မင်းလုံအောင် ဘယ်လိုဖုံးမလဲကွယ်..။

အကာအကွယ်မဲ့ ဟင်းလင်းပြင်မှာ
ကိုယ်ရပ်နေတုန်းက
ပုဝါပါးနောက်ကွယ်က မျက်လုံးတောက်တောက်တစ်စုံဟာ
ခပ်လှမ်းလှမ်းကနေ
ကိုယ့်ကို တအံ့တသြနဲ့ ကြည့်နေတယ်.....။
ကိုယ်က ပြုံးရယ်ပြတဲ့အခါ ရှက်ကိုးရှက်ကန်းနဲ့
အနားရောက်လာတယ်
သူ ရှက်ရှက်နဲ့ ပေးတဲ့ပန်းကုံးကို
ကိုယ်လှမ်းယူတဲ့အခါ
မြေပြင်ကို ပြုတ်ကျသွားတယ်။
ပေးသူက အလွတ်စောတာလား။
ယူသူက အလှမ်းနောက်ကျတာလား။
ကိုယ်ရယ်မောပြီး
အသာကောက်ယူလိုက်ပါတယ်
ကိုယ်ဘယ်တော့မှ ပန်မှာမဟုတ်သလို
ကိုယ်ဘယ်တော့မှ စွန့်မှာ မဟုတ်တဲ့
ဟောသည်ပန်းကုံးကို

Scanned with CamScanner

သံသုမာလမ်းမကြီးပေါ်တွင် တရိပ်ရိပ်ပြေးနေသော တက္ကစီကားဖြူလေး၏ ရှေ့ခန်းက သူမ သိပ်တက်ကြွနေသည်။ ကားရပ်ပေးလိုက်သော အချိန်မှာပင် သူမ တံခါးဖွင့်ပြီး ဖြစ်သည်။ ကားဆရာကို အစောကြီးက တည်းက ငွေရှင်းပြီးဖြစ်၍ ခေါင်းငုံ့ နှုတ်ဆက်ကာ ကျောင်းဝင်းထဲသို့ အပြေးတစ်ပိုင်းဖြင့် ဝင်ခဲ့သည်။

ရန်ကုန် Dental ကို ငါ ခြေချပြီ၊ ဖိုးကျော်တို့ ရှိစီတို့ရေ… ငါ လာပြီကွ။

သူမ စိတ်ထဲမှာ ပျော်ရွှင်စွာ ဟစ်ကြွေးပစ်လိုက်သည်။ ဒီသူငယ်ချင်းများနှင့် ကွဲကွာပြီးကတည်းက သည်ကျောင်းကြီးဆီ အလည်လာရန် နေ့ပေါင်းများစွာ သူမ မျှော်လင့်ခဲ့ရသည်။ ယခုမှ ရန်ကုန်လာခွင့် ကြုံသဖြင့် မနေ့က ရောက်၊ သည်နေ့ သည်ကျောင်းဆီ ထွက်ခဲ့ခြင်း ဖြစ်သည်။

ကျောင်းဝင်းထဲ ဝင်စမှာပင် ဆောက်လက်စ အဆောက်အဦများကို တွေ့ရသည်။ မန္တလေး Dental နှင့် အတူတူပဲဟု တွေးမိသည်။ သဲပုံတစ်ခု၏ ဘေးလမ်းကြောင်းကနေ လျှောက်သွားရာ အနီရောင် ဦးထုပ်ဆောင်ထားသည်နှင့် တူသော ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အဆောက်အဦကြီးကို တွေ့ရလေသည်။

မေးမြန်းစုံစမ်းရင်း သူမ ရှာဖွေရာ စတုတ္ထနှစ်



၂၇၈ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ၂၀၀၄

Scanned with CamScanner

B.D.S အခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားသည်။ သူမကို အရင်ဆုံးလှမ်းမြင်သူမှာ ဖိုးကျော်ဖြစ်သည်။ သူမကို မြင်မြင်ချင်း ရုတ်တရက် အံ့သြမင်သက်မိနေသည်။ ပြီးမှ ပြေးလာကာ နူတ်ဆက်ရင်း 'အကြောင်းမကြားရကောင်းလား' ဟု အပြစ်တင်သည်။ အတန်း မစခင်မို့ အတန်းရှေ့တွင် ကျောင်းသားများ ရှုပ်ထွေးနေသည်။ ဖိုးကျော်နှင့် သူမ စာသင်ခန်းဆီ လမ်းလျှောက်လာစဉ် နောက်က တရုပ်ရုပ် ပြေးလိုက်လာသံကြား၍ လှည့်ကြည့်မှ ရိုစီ ဖြစ်နေသည်။

'လုလုရယ်၊ ဘာလို့ ဖုန်းမဆက်တာလဲ၊ ငါတို့တွေ ကျောင်းမတက်ရဘဲ ဆေးရုံဆင်းရတဲ့နေ့ဆိုရင် နင် ဘယ်လိုလုပ်မလဲ'

'ဒီနေ့ သောကြာနေ့ပဲ၊ နင်တို့တွေ သေချာပေါက် ကျောင်းမှာရှိမယ် ဆိုပြီး ငါတွက်ထားပြီးသားပါဟာ။ မနေ့က ရောက်ရောက်ချင်း လာချင်တာ၊ ကိုကိုက မသွားသေးနဲ့ဆိုပြီး တားထားလို့ ဒီနေ့ လာခဲ့တာ'

အတန်းစတော့မည်ဖြစ်သဖြင့် သူမတို့သုံးယောက် စာသင်ခန်း၏ နောက်ကျကျနေရာမှာ ဝင်ထိုင်ကြသည်။ လူနည်းသော အတန်းဖြစ်၍ လူစိမ်းဖြစ်သူ သူမကို သတိပြုမိဟန်ရှိသည်။ သူမတို့ သုံးယောက်ဆီ ကွက်ကြည့်ကွက်ကြည့်နှင့်။ စာသင်မည့်ဆရာမှာ သူမှာတို့ မန္တလေး Dental ကို ကူးချည်းသန်းချည် စာသင်ပေးနေရသော ဆရာ ဖြစ်သည်။ သူမကို မှတ်မိကြောင်း ခေါင်းတစ်ချက်ညိတ် ပြုံးပြရင်း အသိအမှတ်ပြုလေသည်။ ထိုဆရာသည် သဘောကောင်းသောဆရာတစ်ဦးဖြစ်ကာ တပည့်များအားလုံးက သူ့ကို ချစ်ခင်ကြသည်။ သူမတို့ သုံးယောက်ကတော့ ဆရာစာသင်တာ နားထောင်လိုက်၊ ကျိတ်ကျိတ် ကျိတ်ကျိတ်နှင့် ရောက်တတ်ရာရာကို ဝေဖန်ရေး၊ လေကန်ရေး လုပ်လိုက်နှင့် စိတ်ထဲမှာ ပထမနှစ် B.D.S ကို ပြန်ရောက်နေသလိုမျိုး ခံစားမိသည်။

ထိုသို့ စာသင်လိုက်၊ လေပေါလိုက်လုပ်နေစဉ် သူ့ကို စမြင်လိုက်ရခြင်း ဖြစ်သည်။ မှုန်တေတေ ဂျစ်တစ်တစ် မျက်လုံးတစ်စုံနှင့် သူမ အကြည့်တို့ ခလုတ်တိုက်သွားချိန်သည် ခဏလေးဆိုပေမယ့် သူကိုယ်တိုင် တုန်လှုပ်ခြောက်ခြားသွားလောက်အောင် နှလုံးသားသည် အကြီးအကျယ် ဆောင့်ခုန်သွားလေသည်။

ထိုကောင်လေးသည် တီရုပ်အနက်ပွပွကြီး တစ်ထည်ကို ဝတ်ဆင်ထားပြီး သူမ ညာဘက်ရှေ့ ခပ်စောင်းစောင်းနေရာမှာ ရှိနေသည်။

အံ့သြစရာ ကောင်းလိုက်တာ။

သူမသည် 'မြင်မြင်ချင်းအချစ် - Love At First Sight ကို ဟားတိုက်ခဲ့သူဖြစ်သည်။ အခုကြည့်စမ်း။ သည်အကြည့်လေးတစ်ချက်မှာ သူမ ဘာကြောင့် စီးမျောသွားရတာလဲ။ သူမ၏ စိတ်အာရုံသည် သူ့ထံ စက္ကန့်အတော်များများတိုင် ပျော်ဝင်သွားလေသည်။

ဟင့်အင်း၊ မဖြစ်သင့်ဟု ထင်သည်။ တကယ်ဆို သူမက ဧည့်သည်ပဲလေ။ ခဏနေလျှင် သည်ကျောင်းကြီးထဲက ပြန်ထွက်ရတော့မှာ။

ပြီးတော့ သူမမှာ 'ကို' ရှိနေခဲ့ပြီပဲ၊ 'ကို' အပေါ်မှာရော သည်လိုစိတ်တွေ ပရမ်းပတာဖြစ်အောင် ရင်ခုန်ခဲ့ဖူးလား။ ရင်ခုန်သံတွေ၊ ချစ်ခြင်းမေတ္တာတွေကို သူမ အလေးအနက်မှ မထားခဲ့တာ။ ရွေးချယ်သင့်သည်ဟူသော အချက်ကြောင့် သူမဘေးနားတွင် 'ကို' ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု ဘေးတစောင်းမြင်နေရသော သူ့ကို ကြည့်ရင်း သူမ ထူးဆန်းစွာ နွေးနွေးထွေးထွေး ခင်မင်နေမိသည်။ 'ငါ ရူးပေါပေါကိစ္စမျိုး လုပ်မိပြီ ထင်တယ်' ဟု တွေးရင်း ဆရာထံ အာရုံပြောင်းရသည်။

လက်ချာပြီးတော့ ဆရာကိုယ်တိုင် Roll call ခေါ်သည်။ စိတ်ကို

နှမ်းရိုက်မိသော ကျိန်စာတစ်ပုဒ်

ခရေညိုညို (သွား / ဆေး - မန်း)

Scanned with CamScanner

အတတ်နိုင်ဆုံး ထိန်းချုပ်ထားသည့်ကြားက သူ Roll No. ကို အလိုလို ကျက်ပြီးသားဖြစ်နေပြန်သည်။

'ဒီနေ့လူစုံတက်စုံပါလားကွ၊ မန္တလေးက ဧည့်သည်ကြီးက ချီးကျူးပါလိမ့်မယ် ခင်ဗျား'

ဆရာစကားကြောင့် တစ်တန်းလုံးက သူမကို လှည့်ကြည့်ကြသော်လည်း သူကတော့ နောက်ထပ် လှည့်မလာတော့ပေ။ လက်ထဲဖောင်တိန်လေးကို လှည့်ကစားနေသည်။ ကြည့်စမ်းပါဦး။ ထိုလူတစ်ယောက်သည် Roll call လက်ထောင်ချိန်မှာရော၊ သည်လို ဖောင်တိန်လှည့်နေချိန်မှာပါ မင်သက်ငေးမောရလောက်အောင် ကုသိုလ်ကံ ထူးလှသည်။

ထို့နောက် ရိုစီ၏ ဦးဆောင်မှုဖြင့် သူမ ကင်တင်းဘက် ယက်ကန်ယက်ကန်နှင့် ပါသွားသည်။ ကင်တင်းသွားရာ လမ်းသည် အမိုးမိုးထားသောအုတ်ခင်းလမ်းဖြစ်သည်။ အရှေ့ဘက်က တစ်ထပ် အဆောက်အဦနှစ်ခုဆီ ရိုစီက လက်ညှိုးညွှန်ရင်း

'အဲဒါ 1st: yr. နဲ့ 2nd: yr. တွေ သင်တာလေ။ မန္တလေး Dental နဲ့ ပုံစံအတူတူပဲ'

'ဒါဆိုရင် အခု ငါတို့ လျှောက်နေတာ နင်တို့ရန်ကုန် Dental ရဲ့ အဓိပတိလမ်းမကြီးပေါ့၊ ဟုတ်လား'

ဖိုးကျော်က မြောက်ကြွားကြွားလေသံဖြင့်

'ဒါပေါ့ဟ၊ အမိုးနဲ့အခင်းနဲ့၊ မမိုက်ဘူးလား'

'အင်း မိုက်တော့မိုက်ပါရဲ့၊ ဒါပေမယ့် ဘုရားစောင်းတန်းကြီးနဲ့ တူတယ်ဟ'

'ခွေးစုတ်မလေးရဲ့၊ နင်တို့ မန္တလေး Dental မှာလို နေပူကြီးနဲ့ မထိရဘူးကွ၊ နင်သက်သက်မဲ့ မနာလိုလို့ ပြောတာပဲ'

'အဲမယ်လေး ဖိုးကျော်ရယ်၊ နေပူတာများ အရေးလုပ်လို့၊ ကိုယ်တို့မှာ ထီးမိုးပေးမယ့် ကြင်နာသူနဲ့၊ အဲဒါမှ အရသာကွ'

ရိုစီက ဘာမှ ဝင်မပြောဘဲ ရယ်နေသည်။ ဖိုးကျော်က ရှုံးမဲ့ရင်း အနီးဆုံးစားပွဲတစ်ဝိုင်းဆီ လျှောက်သွားသည်။ ဖိုးကျော်နောက်ကို အပြေးလိုက်ရင်း

'ငါ့ကို နိုင်အောင်ပြောလေ၊ နင် ရှုံးပြီမို့လား'

ခုံအလွတ်တစ်လုံးကို ဆွဲယူလိုက်ရင်း ရန်စစဉ် ဖြတ်ကနဲ မြင်လိုက်ရသော လူရိပ်တစ်ခုကြောင့် သူမ အလျင်အမြန်လှမ်းကြည့်မိသည်။ သူသည် ကော်ရစ်ဒါထိပ်တွင် ဝါးကနဲ တစ်ချက်သမ်းလိုက်ရင်း ခါးကို ဟိုဘက် သည်ဘက် လိမ်ချိုးလိုက်လေသည်။ သူစိမ်းယောကျ်ားလေးတစ်ယောက် အပျင်းဆန့်တာကို ခင်မင်နှစ်လိုစွာ ငေးနေမိသည်။ သူမအဖြစ်ကို ပြန်သတိရကာ သူမကိုယ်သူမ ပြန်ပြီး အံ့သြနေမိသည်။ မထင်မှတ်ဘဲ ရိုစီက သူ့ကို လက်ယပ်ခေါ်လိုက်သည်။ သူ ရောက်လာပြီး သူမ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်တော့ သူ့ကို မော့ကြည့်ရန် တော်တော်လေး ကြိုးစာရသည်။ သူမ ရင်တွေ သိပ်ခုန်နေခဲ့တာကိုး။

'လုလု၊ ဒါ ဘိုဘို့ ဘော်ဒါကြီးလေ၊ မွန် King ပေါ့'

'ရိုစီရာ၊ ငါ့ကို အရှက်ခွဲနေတာလား။ အတန်းထဲမှာ မွန်ဆိုလို့ ငါ တစ်ယောက်တည်းရှိတဲ့ဟာ''

ဩော်. . . သူသည် မွန်တိုင်းရင်းသားတစ်ယောက်တဲ့လား။

'နိုင်အေးချမ်းတဲ့၊ ဘိုဘိုက အစ ငါတို့ရော သူ့ကို 'ချမ်း'လို့ပဲ ခေါ်ကြတယ်။ 'ချမ်း' ဒါ . . . လုလုကျော်တဲ့'။ မန္တလေး Dental မှာ ငါတို့ သုံးယောက် အုပ်စုဖြစ်ခဲ့ဖူးတာပေါ့ဟ'

ဘိုဘိုဆိုတာ ရိုစီ့ကောင်လေးဖြစ်သည်။ ရိုစီမိတ်ဆက်အပေးမှာ သူမကို ပြူးပြလိုက်သော သူ့သွားတန်းလေး၏ လက်ကနဲအရောင်နှင့် ရွှန်းလဲ့လဲ့ မျက်ဝန်းတစ်စုံသည် သူမကို ဆတ်ကနဲ တောင့်တင်းသွားလောက်အောင် ဖြားယောင်းနိုင်စွမ်းရှိပေသည်။

'မွန်ဆိုတော့ မော်လမြိုင်ကလားဟင်၊ မော်လမြိုင်ကို လုလု ရောက်ဖူးတယ်'

'ကျွန်တော် သထုံကပါ။ ကိုကိုက ရန်ကုန်မှာ အခြေကျနေလို့ ကိုးတန်းကတည်းက ဒီရောက်နေခဲ့တာ'

သူအဖြေကြောင့် သူမ ရှက်သွားမိသည်။ ဖိုးကျော်က အပြစ်တင်သည်။

'နင်ကတော့ ဖွတ်။ အလုအယက် ပြောတာပဲ။ အကျင့်ကို မပျောက်ဘူး'

ရယ်မောသံများနှင့် သူမတို့၏ စကားဝိုင်းလေးသည် ကော်ဖီတစ်ခွက်၏အရသာ ဘယ်လို ရှိမှန်းမသိနိုင်အောင်ပင် အသက်ဝင် စိုပြေခဲ့သည်။ သူတို့ ကျောင်းကင်တင်းသည် ပန်းစွာဟု အမည်ရလေသည်။ ကင်တင်း၏ ခေါင်းစဉ်ကို ကြည့်ရင်း သက်ပြင်ငွေ့ငွေ့ချမိသည်။ သည်နေ့အဖြစ်အပျက်သည် အိပ်မက်တစ်ခုလို ခပ်ဝါးဝါးဖြစ်နေသည်။

ဖရိဖရဲထောင်နေသော ဆံပင်ချောင်း နက်နက်လေးများ၊ နားသယ်စပ်ဆီက ဆံပင်ဒေါက်ပါးပါးလေးနားမှာ စို့နေသော ချွေးစလေးများ၊ စာသင်ခန်းထဲမှာတုန်းက မှုန်တေတေဖြစ်နေသော အရောင်မှ ရွှန်းလဲ့ကြည်စင်ခြင်းသို့ ရောက်နေသော မျက်ဝန်းနက်တစ်စုံ၊ ဖြောင့်စင်းသွယ်နေသော နာတံတစ်စင်နှင့် မထူမပါး နှုတ်ခမ်းတစ်စုံ။ ဘာဖြစ်လို့ အရာတစ်ခုစီဟာ စုတ်ချက်တို့ ရလောက်အောင် သူမကို ဆွဲဆောင်မှု ရှိနေတာလဲ ကောင်လေးရယ်။

'ဒါနဲ့ ကိုသီဟန်ရော.....D တစ်ခုထဲဆို'

ရိုစီ မေးခွန်းတစ်ခုသည် သူမကို တုန်လှုပ်သွားစေသည်။ သူ့ရှေ့မှာ ဒီဖြစ်ရပ်ကို သူမ ဘာကြောင့် ကန့်လန့်ကာ ချထားချင်မိတာလဲ။ ကိုသီဟန်၏ ချစ်သူဘဝကို ပထမဦးဆုံးအကြိမ် သိမ်ငယ်နောင်တရသွားကြောင်း သူမ အလန့်တကြား သိလိုက်ရသည်။ ကို ဂုဏ်ထူးနည်း၍ သိမ်ငယ်ခြင်းမဟုတ်။ သူမ ကြုံနေရသောနေ့ မတိုင်ခင် ကို့ကို ခေါင်းညိတ်မိခဲ့ခြင်းကို နောင်တ

Scanned with CamScanner

ရသွားဖြစ်သည်။ အလျင်စလို ပြုခဲ့သော အမှား တစ်ခုကြောင့် မိမိချစ်ခင်နှစ်သက်သူ၏ မော့ မကြည့်ရဲသောအဖြစ်သည် သိမ်ငယ်လွန်းလှပါ တကား။

'သူ Grand Viva တက်တုန်းက ငှာသာပဲ။ ထွက်တော့ GM တစ်ခုပဲ D ရတယ်'

'သူက သိပ်မျော်မှန်းထားမှာပဲနော်။ စာ ဂျပိုးဆိုတော့ တော်တော်ကြီး ခံစားရမယ် ထင်တယ်'

သူနောက်ကျောဆီက သစ်ခွအိုးတိုးလို့ တွဲလောင်းများကို ငေးရင်း ရိုစိုမေးခွန်းများကို ခေါင်းညိတ်ပြမိသည်။

'ဒါနဲ့ .....လုလုက ကျောင်းပိတ်ထားလို့ လား။ ဘယ်နေ့ထိ နေရမှာလဲ'

မမျော်လင့်သော သူ့အမေးကို ရုတ်တရက် မဖြေနိုင်။ ရိုစိက ဝင်ဖြေသည်။

'သူတို့က Trip က ပြန်ခဲ့ပြီးပြီ။ တကောင်း၊ ကြာညှပ်၊ မိုးကုတ် သပိတ်ကျင်းဘက်ကို သွားရ တာ။ အဲဒီကအပြန် အားလုံးညီပြီး တစ်ပတ် ပိတ်လိုက်တာပဲ။ ဒါပေမယ့် ဒီမိန်းမက တနလာ နေ့ညနေကို ပြန်ရမှာ'

'Bed Side စာမေးပွဲရှိလို့ပါဟ'

'ဘာပဲပြောပြော ... သူပြန်ခိုင်းတဲ့နေ့ ပြန် မှာပဲ မို့လား'

စိတ်မသက်သာစွာ ရယ်ရင်း သူမကိုယ်သူမ အထပ်ထပ် ဆုံးမနေရသည်။ သူမ မိုက်ရမည့် အရွယ်မှ မဟုတ်တော့တာလေ။

ထို့နောက် စာသင်ခန်းများကို လှည့်ပတ် ကြည့်ကြသည်။

သူတို့ ဖြေဆိုထားသော Test တစ်ခု၏ result ကိုလည်း သူမ ကြည့်ခွင့်ရခဲ့သည်။ ဖိုး ကျော်ရော၊ ရိုစီရော အောင်သော်လည်း သူက တော့ အမှတ်(၂၀)ပဲရသည်။

'အေးချမ်း.... ဘာဖြစ်လို့ (၂၀)ပဲရတာလဲ။ ဖိုးကျော်ရော၊ ရိုစီရော အောင်တယ်'

'ဖြေရှင်းချက် မထုတ်ချင်ပါဘူးကွာ။ ကျ သွားပြီပဲ။ ကျတယ်ပဲပေါ့'

ပခုံးတစ်ချက်တွန့်ကာ ဖြေလိုက်သော သူ့ စကားသံသည် သူမကို မွန်းကြပ်သွားစေသည်။

'အဲဒီအပုဒ်က ကိုယ်ကျက်ပြီးသားကွ။ ပြန်မန္တွေးဖြစ်တာ။ အဲဒါကို ဆရာက Viva မေးတော့ ကိုယ်လည်း ဝါးတားတားဖြစ်နေတာ ကွ။ ဒါကြောင့် D မထွက်တော့တာနေမှာ'

အောင်စာရင်းထွက်နေသာနေ့က ဆို့နင့်ကြေကွဲနေသော ကို့ကို မြင်ယောင်လာသည်။ ထိုနေ့ကလည်း ကို့လက်ဖဝါးကို နွေးထွေးအောင် ဆုပ်ကိုင်ရင်း အားပေးနှစ်သိမ့်ခဲ့ရသည်။ သူမတို့ကို ရွေးချယ်ခဲ့တာ သိပ်စောလွန်း ခဲ့ပြီထင်သည်။

နောက်တစ်ကြိမ် စာသင်ချိန်ကို သူမ မတက်တော့ဘဲ တက္ကစီငှားရ ပြန်ခဲ့သည်။ သူ့ဆီမှာ ဝဲလည်ကျန်ခဲ့ချင်သော စိတ်ကို ခါယမ်းထုတ်ပစ်ရင်း သည်နေ့အဖို့ ဘယ်နှကြိမ်မှန်းမသိအောင် သူမကိုယ်သူမ ပြန်ဆုံးမနေရသည်။ သူမ အသက် ၂၂ ရှိပြီမို့လား။ ဆယ်ကျော်သက်တွေလို ရူးပေါပေါကိစ္စမျိုး မလုပ်သင့်တော့ဟု ထင်သည်။

(၂)

စနေနေ့မနက်ခင်းတွင် ဘိုဘို့ကားနှင့် သူတို့ ရောက်လာကြသည်။ သူလိုက်လာတာကို မြင်ရတော့ သူမစိတ်ထဲက ထခုန်ပစ်လိုက်သည်။ သူသည် အနားသတ်မှာ ငှက်ပျောပင်များ စိုက်ထားသော မိုးပြာရောင် ဟာဝေယံရုပ်ပွပွကြီးနှင့် မီးခိုးရောင်မှိုင်းမှိုင်း ဘက်ဂီဂျင်းဘောင်းဘီပွပွ ရှည်ရှည်ကြီးကို တွဲဖက် ဝတ်ဆင်ထားသည်။ ဆံပင်ကတော့ ဒူးရင်းသီး ဆူးချွန်များလို ထိုးထိုးထောင်ထောင်နှင့်။ အိမ်ပေါက်ဝမှာ ရှူးဖိနပ်ကို ငုံ့ချွတ်ရင်းက သူမဆီရောက်လာသော အပြုံးမွှေးမွှေးတစ်ခုသည် သူမရင်ကို လှိုက်ခုန်သွားစေသည်။

သူမတို့ ရွေတိုဂုံဘုရားကို အရင်ဆုံးသွား ဖြစ်ကြသည်။ နောက် သူမ မရောက်ဖူးသေးသော ကျောက်တန်းသို့ သွားရန် အားလုံးက သဘောတူ ကြသည်။ ကားအကြာကြီး စီးရခြင်းကို သူမ ငြီးငွေ့တတ်သော်လည်း ဤ တစ်ကြိမ်မှာတော့ သူမ သိပ်ပျော်နေသည်။ ကားထဲမှာ City FM က တစ်ဆင့် ပို့လွှင့်နေသော တေးသွားကလည်း

'မင်းရှိခဲ့ရင်.... ကြည်ကြည်နူးနူးဘဝမှာ.... ချစ်လို့မဝပါ .... နှစ်ယောက်တည်းကမ္ဘာ မင်းရှိခဲ့ရင် .... ဒါဟာ .... ပျော်စရာလောကနိဗ္ဗာန် .... ငြိမ်းချမ်းရေးပါ.... နှစ်ယောက်တည်းကမ္ဘာ' တဲ့လေ။

'လုလုကျော် ဆိုတဲ့နာမည်က ဆန်းတယ်နော်'

ကားရှေ့ခန်းမှ အနောက်ဘက်လှည့်ကာ ရုတ်တရက် မေးလိုက်သော သူ့အသံကြောင့် လန့်ဖြန့်သွားကာ ရိုးသားမှုမရှိသော သူမအဖြစ်ကို ရှက် သွားမိသည်။

'ငယ်ငယ်တုန်းက လှလှကျော်လို့ ပေးထားတာ။ ကိုကိုက သူ စာ စရေးတတ်ချိန်ဆိုတော့ တစ်ချောင်းငင်နဲ့ ဟထိုးနဲ့ အမြဲမှားမှားရေးပြီး သူညီမ နာမည်ကို လုလုကျော်လို့ ပြောင်းပစ်လိုက်တာလေ'

'သားပိုက်ကောင် Kangaroo ဖြစ်သလိုပေါ့'

'ဘာကိုပြောတာလဲ'

'အင်္ဂလိပ်လူမျိုးတစ်ယောက်က တောထဲ လျှောက်သွားရင်း သားပိုက်ကောင်ကိုတွေ့တော့ ဘာကောင်မှန်းမသိလို့၊ အနားမှာရှိတဲ့ တိုင်းရင်းသား တစ်ယောက်ကို 'အဲဒါဘာကောင်လို့ခေါ်သလဲ' လို့မေးသတဲ့။ တိုင်းရင်း သားကလည်း သူ့ဘာသာစကားနဲ့ Kangaroo(မသိဘူး)လို့ ပြန်ဖြေလိုက်တာ သားပိုက်ကောင်လည်း ကန်းဂရူးဖြစ်သွားရောတဲ့'

Scanned with CamScanner

'အဲဒါဆို ကန်းဂရူးဆိုတာ မသိဘူးလို့ ပြောတာပေါ့။ ဟုတ်ပါရဲ့။ တကယ်ဆို လှလှကျော် ဖြစ်ရမှာ။ အခုတော့ လုလုကျော်လာဖြစ်နေတယ်'

ဖိုးကျော်က အားတက်သရောနှင့်

'ပညတ်သွားရာ ဓာတ်သက်ပါ ဆိုတာ သိပ်မှန်တာပဲ။ သူတစ်ယောက်တည်း အလျင်စလိုနဲ့ အရာရာကို လုလုလုပ်နေတာ။ ရည်းစားတောင် ငါရော၊ ရိုစီရော အတွဲ ကိုယ်စီရသွားလို့ အလုအယက် ထားပစ်တာကွ'

ဘိုဘိုနှင့်ရိုစီက ရယ်သော်လည်း သူကတော့ မရယ်ပါ။

'အရင်က ရန်ကုန်ရောက်ဖူးလား'

'ဆယ်တန်းအောင်လက်မှတ် လာယူတုန်းကပဲ ရောက်ဖူးတာပါ။ ကိုကိုက အဲဒီတုန်းက မိန်းမ မရသေးတော့ ညီမတော်ကို စုံနေအောင် လိုက်ပို့ပေးတယ်။ အခုတော့ သူ့ချစ်ချစ်ကြီးနားမှာပဲ ကပ်နေတော့တာ ဟွန်း'

'ပန်းဆိုတန်းဘက်ရော'

'အာ.... ရောက်တာပေါ့။ စာအုပ်ဆိုင်တွေရှိတာပဲ။ ကိုကိုနဲ့ အလုအယက်ဝယ်ရတယ်။ ဘာလို့မေးတာလဲဟင်'

'ခုနက အိမ်မှာ လုလုဖတ်နေတာ ခေတ်ဟောင်းစာအုပ်တစ်အုပ်ပဲ။ အဲဒါကြောင့် မေးမိတာ'

သူစကားသံသည် သူမကို တစ်စုံတစ်ရာသော ခံစားမှုကို ပေးနေသည်။ ခပ်တိုးတိုးလေးပေမယ့် ထက်ရှသော သည်စကားသံကို ကြားတိုင်း သူမခဏတာဖြုတ်တော့ ဆွံ့အသွားသည်ချည်းဖြစ်သည်။

ကျိုက်မော်ဝန်းရေလည်ဘုရားသို့ စက်လှေဖြင့် ကူးရသည်။ စက်လှေစီးတော့ သူက သူမရှေ့မှာထိုင်သည်။ ရေပြင်ကို လက်ဖြင့် ထိတို့ ကစားခြင်း မပြုဘဲ ငြိမ်သက်စွာ လိုက်ပါလာသည်။ သူဘာတွေ တွေးနေလဲဆိုတာ သူမ သိချင်လိုက်တာ။ လှေကမ်းကပ်တော့ ရိုစီနှင့် ဖိုးကျော်တို့က သူမကို အရေးတယူရှိသော်လည်း သူကတော့ တစ်ချက်ပဲ လှည့်ကြည့်ပြီး ဘုရားရင်ပြင်တော်ပေါ် တက်သွားလေသည်။

သူမတို့ ငါးများကို အစာကျွေးနေစဉ် အနောက်ဘက်တွင် သူရှိနေလိမ့်မည်ဟု ထင်မိသည်။ တကယ်တမ်း လှမ်းကြည့်လိုက်တော့ သူရှိမနေပါ။ လှည့်ပတ်ရှာမှ လှေပေါ်မှာ နှစ်ယောက်သား ကြိုရောက်နေတာ တွေ့ရသည်။

ဘိုဘိုက နေ့လယ်စာအဖြစ် ရွှေဘဲမှာ ဘဲကင် လိုက်ကျွေးသည်။ ဘိုဘိုသည် ကွန်ပျူတာစက်ပစ္စည်းများ ရောင်းသောအရောင်းဆိုင်များကို ဖွင့်ထားပြီး သူ့အစ်ကိုနှင့် လုပ်ငန်းချင်း ဆက်စပ်ကြောင်း သိရသည်။ သူ့အစ်ကို၏ လုပ်ငန်းများတွင် ကူညီရင်း ဘိုဘိုနှင့် ခင်မင်ရင်းနှီးခဲ့တာလား၊ နဂိုကတည်းက ဘိုဘိုနှင့် သူငယ်ချင်းလား ဆိုတာတော့ သူမ မသိခဲ့ပါ။ သူမသိတာကတော့ အချိန်တန်လျှင် ခွဲခွာရဦးမည်ဆိုတာ။

သူမက သရဲရထားစီချင်တယ်ဟု ပူဆာသဖြင့် ဟက်ပီးဝါးလ်သို့ ရောက်လာခဲ့သည်။ ရိုစီကတော့ အကြောက်အကန် ငြင်းဆန်သည်။

'လုလု၊ နင်ပဲ စီး၊ ငါတော့ မစီးဘူးနော်၊ တော်ကြာ Heart Attack ရနေလိမ့်မယ်' ဖိုကျော်ကလည်း ကြောဆြာ ဝင်သေးသည်။

'ငါက သူသူနဲ့ သရဲရထားရော၊ သရဲအိမ်ရော ဝင်ပြီးသား၊ ထပ်မဝင်ချင်တော့ဘူး'

သူသူဆိုတာ ဆေး(၁)မှ ဖိုးကျော်၏ကောင်မလေး ဖြစ်သည်။ ဘိုဘိုကလည်း ရိုစီ မလိုက်သဖြင့် ခေါ်လို့မရ။ သို့နှင့် သူနှင့်သူမ နှစ်ယောက်တည်း လက်မှတ်ဖြတ်ရသည်။ လက်မှတ်မဖြတ်ခင် သူက

'ကိုယ်.... သရဲရထားစီဖူးတယ်။ သရဲအိမ် အရင်ဝင်မယ်ကွာ။ ပြီးမှ သရဲရထား ထပ်စီးရအောင်'

'OK လေ'

'လုလု ကြောက်တတ်လား'

'အရုပ်တွေပဲဟာ။ မကြောက်ပေါင်'

လှေကားထစ်ခုံများသည် မှိန်ဖျော့ဖျော့မီးရောင်အောက်တွင် အေးစက်တောင့်တင်းနေသည်။ အမျိုးသမီးကြီးတစ်ဦး၏ ကိုလိုနီခေတ် ဆန်ဆန် အပြင်အဆင် ရုပ်ပုံပန်းချီကားချပ်ကြီးကို မြင်လိုက်ရတော့ စိမ့်ကနဲဖြစ်သွားသည်။ ကာတွန်းပုံကြီးပါလေဟု တွေးကာ သူ့နောက်က ကပ်လိုက် လာခဲ့သည်။ အခန်းဆီးလိုက်ကာစကို မ,လိုက်ချိန်တွင် ခွေးအူသံရှည်ကြီး ထွက်လာသည်။ လမ်းလေးသည် ကျဉ်းမြောင်း မှောင်မဲနေသည်။ အရုပ်တွေမှန်းသိသော်လည်း မီးအလင်းအမှောင်နှင့် အခန်းအပြင်အဆင်များသည် တကယ့် သရဲခြောက်တတ်သောအိမ်ကြီးပေါ်မှာ လျှောက်ကြည့်နေသလိုမျိုး ခံစားလာရသည်။

ရုတ်တရက် မီးမှိန်မှိန်အောက်မှာ သူမ လှမ်းမြင်တာ ခုတင်ကြီးတစ်ချပ်ပေါ်က အလောင်းတစ်လောင်း။ အရုပ်အလောင်းဟု သူမ စိတ်ဖြေသော်လည်းမရ။ မဲ့မရဲ အသာလေး မျက်လွှာပင့်ကြည့်တော့ ထိုအလောင်းကြီးက မိန်းမကြီးတစ်ယောက် ဖြစ်နေကာ အသက်က ဖုတ်လှိုက် ဖုတ်လှိုက် ရှူလာသလိုမျိုး။ ထိုစဉ်

'အမယ်လေး.... အေးချမ်းရဲ့။ အလောင်းကြီးက ထထိုင်တယ်။ ငါ့ကို စောင့်ပါဦး'

ထိုအလောင်းကောင်ကြီး သူမဘေးနားက ပြေးလိုက်လာသည်ထင်သည်။ သူကလည်း ဘယ်နားရောက်နေပြီလဲမသိ လမ်းလျှောက်တာတောတော်မြန်၍ သူမက အပြေးလိုက်ရသည်။ မှောင်မဲပြီး ဘာမှ မမြင်ရ။ သူမ အသက်ရှူကြပ်လာကာ ခြေဖျားလက်ဖျားများ အေးစက်လာသည်။ ရုတ်တရက် အမှောင်ထဲက လက်တစ်ခုက သူမလက်ကို လာဆွဲတော့ ခေါင်းမွေးများ ထောင်ပြီး ပုံလဲမတတ် ဖြစ်သွားသည်။

'ငါပါ လုလုရဲ့။ အေးချမ်းပါ။ နင်က လည်း နှေးလိုက်တာ'

'လမ်းက မြင်မှမမြင်ရဘဲ။ ငါ့ကိုစောင့် ခေါ်ပါဟာ။ ငါကြောက်လို့ပါ'

သူ့လက်ကို တင်းကြပ်စွာဆုပ်ကိုင်ရင်း ဘေးနားက ပါလာသည်။ လမ်းတွေက မှောင်

Scanned with CamScanner

လည်း မှောင်၊ ကျဉ်းလည်း ကျဉ်း၊ အကွေ့အကောက်တွေနှင့်။ သူမတစ်ယောက်တည်းသာ ဆိုလျှင် ခုနကနေရာမှာ မေ့လဲနေလောက်ပြီ ထင်သည်။ အလောင်းစင် ပြင်ထားသော ခုတင်တွေနားကလည်း ခဏခဏ ဖြတ်ရသည်။ သူမကတော့ ကြောက်လွန်း၍ သူ့ကို ရှေ့ကို အတင်းတွန်းကာ ခပ်သွက်သွက် သွားခိုင်းရသည်။ ခုနကလို မျက်လုံးကိုလည်း ဖွင့်မထားတော့။ စုံမှိတ်ကာ သူ့ဘေးနားက လိုက်ခဲ့သည်။

'အမယ်လေး၊ ဒီဘက်သံတွေကြားက လက်ကြီး နှစ်ဖက် ထွက်လာပြီး၊ ငါ့ကို ပုတ်တယ်။ အေးချမ်းရေ လုပ်ပါဦး'

ဂရဲ၊ ဂါးဟူသော အသံများနှင့် သရဲဆန်ဆန် အကောင်မည်းမည်းကြီးများကို မြင်လိုက်ကြားလိုက်ရတော့ သူမ ငယ်သံပါအောင် အော်မိသည်။

'ငါ့ဘေးနားက မလိုက်နဲ့။ ငါ့နောက်က ကပ်လိုက်'

သူ့အနောက်ဘက်ဆီ ရွှေ့ရပ်ရင်း သူမ မျက်ရည်တွေ ကျလာသည်။

'ပြန်ထွက်ကြပါစို့ အေးချမ်းရဲ့။ တော်ပါပြီ။ ငါ ဆက်မသွားချင်တော့ဘူး။ တော်ကြာ အနောက်က ပါလာရင် ငါလန့်တာနဲ့ သေမှာ ဟီးဟီး'

''ပြန်ထွက်ရင် ခုနက သရဲတွေနား ပြန်ဖြတ်ရဦးမှာ။ လာပါ။ ငါရှိပါတယ်''

လိုက်ကာစတစ်ခုကို မ,တိုင်း ခြောက်ခြားရသည်။

'အေးချမ်း။ မရောက်သေးဘူးလား'

'နင့်မျက်လုံးတွေကိုမှိတ်ပြီး ငါ့နောက်က ကပ်လိုက်ခဲ့။ ဘာမှ မဖြစ်စေရဘူး'

'အမယ်လေးတော့ .... ။ 'ငါ့ဝိညာဉ်တွေ ဒီမှာရှိ တယ်။ ကြည့်လိုက်' တဲ့။ အမယ်လေး။ မကြည့်ရဲပါဘူးတော့။ မပြပါနဲ့။ ကြောက်ပါတယ်။ မပြောဘဲနဲ့ကို ကြောက်လှပါပြီ'

'နင်က မျက်လုံးမှ မှိတ်မထားဘဲ။ ဘာလို့ ခိုးခိုးကြည့်ရတာလဲ'

မှောင်မည်းမည်းထဲမှာ မျက်လုံးမှိတ်ပြီး သူ့အင်္ကျီစ ဆွဲလိုက်ရတာကိုလည်း သူမ စိတ်ညစ်လှပါပြီ။ ဖြစ်နိုင်လျှင် အခုချက်ချင်း အတောင်ပံပေါက်ကာ မိုးပေါ်ပျံတက်သွားလိုက်ချင်သည်။ အမယ်လေး။ ဒါလည်း မဖြစ်သေး။ တော်ကြာ အိမ်ထုပ်တန်းမှာ ငုတ်တုတ်ထိုင်နေသော သရဲနှင့် သွားတိုး၍ ကိုသွားလိမ့်မည်။

'အမယ်လေး။ ရှည်လိုက်တဲ့လမ်း။ မရောက်သေးဘူးလား။ ငါတို့ ပြန်ထွက်ကြပါစို့'

တစ်နေရာအရောက်မှာတော့ ကြမ်းခင်းက ရှေ့နောက် ရွေ့လျား ယမ်းနေပြန်သည်။

'အေးချမ်း။ ငါ့ကိုခေါ်ပါဦး။ လမ်းလျှောက်လို့ မရအောင် ယမ်းနေတာ။ ငါစိတ်ညစ်လှပါပြီ ဟီးဟီး'

သူမကတော့ ပြဲလန်နေအောင် အော်ပစ်သည်။ အထဲမှာလည်း သရဲကားထဲကလို ခြောက်ခြားစရာအသံတွေ ပျံ့လွင့်နေတာကိုး။ တံခါးပေါက်တစ်ခုအရောက်မှာ လက်ကြီးနှစ်ဖက်က အောက်ကို တွဲလောင်းကျနေတာတွေ့လိုက်ရသည်။ အေးချမ်း အဲဒီလက်ကြီးကို မ,ထားပေးပါ။ ငါကြောက်တယ်'

သူမ မရောက်ခင်မှာပင် လက်ကြီးက လွှဲယမ်း၍ တစ်စုံတစ်ရာကို လိုက်ဖမ်းနေသည်။ သူက လက်ကြီးအောက်က ငုံ့လျှိုး၍ ဟိုဘက် ရောက်သွားပြီ။ သူမက သည်ဘက်မှာ ရပ်ကျန်နေခဲ့သည်။

'ထိုင်ပြီးလာခဲ့။ မထိစေရဘူး'

ထိုင်၍သွားသော်လည်း သူမ မတ်တပ်အရပ်မှာ လက်ကြီးတစ်ဖက်က သူမခေါင်းကို ဖတ်ကနဲ ပုတ်ဖြတ်အောင် ပုတ်လိုက်သေးသည်။

'ချမ်း.... ငါ့ကိုစောင့်ပါဦး။ အမေ့။ ငါလာ လို့မရဘူး။ ဟီးဟီး'

'အဲဒီ ရာဘာကြိုးတန်းကြီးပါ လုလုရ၊ အသာလေး မ,ပြီး တိုးဝင်ခဲ့'

'လမ်းလည်း လျှောက်ပိတ်ထားတာပဲ။ ဟိုလက်ကြီးက ခဏခဏ လှမ်းပုတ်နေတာ။ ဒီနားတင် သေသွား နိုင်တယ်'

'ချမ်း.... မရောက်သေးဘူးလား။ ဟိုနားက လှမ်းရိုက်လိုက်၊ ဒီနားက လှမ်းပုတ်လိုက်နဲ့။ ခြေထောက်လည်း မနေရဘူး။ ဘယ်လိုချောင်းနေကြတာလဲ ကောင်နာတွေရဲ့'

'နင်ပဲ မကြောက်ဘူးဆို'

'ကြောက်အောင် လုပ်ထားတဲ့ဟာ။ ကြောက်တာပေါ့။ ပြန်ထွက်ကြရအောင်ပါ ချမ်းရဲ့။ ငါသေရတော့မယ်'

မျက်လုံးကို မှိတ်၍သူ့ကိုဆွဲကို အနောက်ဘက်မှ ကပ်လိုက်ရင်း အော်ရင်း ဟစ်ရင်း တစ်ခါတစ်ခါ မျက်ရည်ကျရင်းနှင့် အတော်လေးကြာမှ သူမတို့ အပြင်ဘက်ကို ရောက်ခဲ့လေသည်။

'သရဲအိမ်တော့ ဘယ်တော့မှ မဝင်တော့ဘူး။ ငရဲခန်း ဆင်းရသလိုမျိုးပဲ'

'လုလုရာ။ နင်အော်သံက ပိုစိတ်ညစ်ဖို့ ကောင်းတာ သိရဲ့လား။ ငါဖြင့် အားလုံးကို အရပ်တွေလို့ပဲ မြင်တယ်'

'အေး.... မေ့လဲမနေခဲ့တာ ကံကောင်းတာပဲ။ ဒါပေမယ့် မေ့မလဲရဲပါဟု။ သရဲတွေကြားထဲမှာ တော်ကြာ နင်က ပစ်ထားခဲ့ရင် သတိပြန်ရတဲ့အခါ ပြန်မေ့ဦးမှာပဲ'

'နင်ကိုက ကြောက်တတ်လို့ပါ လုလုရာ'

'နင်က ယောကျ်ားကိုး အေးချမ်းရဲ့။ သတ္တိရှိမှာပေါ့'

'အခုကျ အေးချမ်းဖြစ်သွားပြီလား။ အထဲမှာတုန်းက အေးချမ်းလို့ တောင် မအော်နိုင်ခဲ့ဘဲနဲ့'

သူမ ရယ်မိသည်။ ခုမှ စိတ်လက် ပေါ့ပါးသွားသည်။ ဒါတောင်

Scanned with CamScanner

သူက သရဲရထားစီးဦးမလားဟု မေးနေသေးသည်။

'သရဲ ရထားစီချင်သေးရင် ငါ့ကို သတ်ပြီးမှသာ ခေါ်သွားပါတော့ ချမ်းရယ်'

ဖိုးကျော်ကတော့ သူမကို အသည်းအသန် လှောင်ပြောင်ဟားတိုက်သည်။ ကားပေါ်ရောက်မှ သတိထားမိသည်။ သူဝတ်လာခဲ့သော မိုးပြာနုနုဟာဝေယံရှပ်၏ နောက်ဘက်မှာ သူမ နှုတ်ခမ်းနီ ကွမ်းသွေးရောင်တွေ ပေပွနေသည်။ အားနာလိုက်တာ။ ရွှေဘဲက မပြန်ခင်မှာ သူမ နှုတ်ခမ်းနီကို ထပ်ဆိုးမိသည်။ သည်နေ့ သူမဆိုးမိတာ သူ့ကို အလွယ်တကူ ပေပွသွားခြင်း ဖြစ်နိုင်သည်။ ကျန်လူများကမူ သတိမပြုမိကြ။ အခွင့်မသာသဖြင့် သူ့ကို မတောင်းပန်လိုက်ရပေ။

ထိုနေ့ညကတော့ သူမ အိပ်ဆေးသောက်၍ အိပ်ရာဝင်လိုက်ရသည်။ မှောင်မည်းကြီးထဲမှာ ဟိုဟိုသည်သည် ပေါ်ထွက်လာတတ်သော လက်ကြီးများ၏ ခြောက်လှန့်မှု ကြောင့်လား၊ နွေးထွေးပူရှိန်းသော လက်တစ်ဖက်၏ မားမားမတ်မတ် ရှေ့ဆောင်မှုနောက်က အားကိုးတကြီး လိုက်ပါခဲ့ရသော မိနစ်အတော်များများ၏ ခြောက်လှန့်မှုကြောင့်လားဆိုတာ .... သူမကိုယ်သူမ ဝေခွဲမရသော မေးခွန်းများ ဖြစ်လေသည်။

(၃)

မနက်ဖြန်ညတွင် မန္တလေးပြန်ရတော့မှာဖြစ်သဖြင့် ကိုတို့ကို ခွင့်တောင်းကာ သည်ည ရိုစီ့ထံ လာအိပ်ဖြစ်သည်။

'ရိုစီ.... ဒီကျောပိုးအိတ်က'

'ချမ်းလေး။ နေ့လယ်က ငါ့ဆီ စာအုပ်ဝင်ငှားနေတုန်း ဘိုဘို ရောက်လာပြီး အရေးတကြီးခေါ်သွားတာ။ ညနေ ဝင်ယူမယ်လို့တော့ ပြောတာပဲ။ ဒီအချိန်မှတော့ မလာတော့ဘူးနေမှာ'

Prism ပုံသော့ချိတ်လေးနှင့် ကျောက်စိမ်းရင့်ရောင် ကျောပိုးအိတ်လေးကို မြင်ကတည်းက သူမစိတ်ထဲမှာ မှတ်မိပြီးဖြစ်သော်လည်း သေချာအောင် တမင်မေးလိုက်ခြင်း ဖြစ်သည်။

'လုလု .... မာမီတို့ အပြင်သွားလို့ ဆေးဆိုင်ကို ခဏသွားထိုင်လိုက်ဦးမယ်နော်'

ပြောပြောဆိုဆို ရိုစီသည် မျက်နှာချင်းဆိုင်တိုက်ခန်းက ဆေးဆိုင်ဆီ ထွက်သွားလေရာ ဧည့်ခန်းထဲတွင် သူမနှင့် ကျောပိုးအိတ်တစ်လုံးတို့သာ ငုတ်တုတ်ကျန်ခဲ့သည်။ ထိန်းချုပ်မရသော စပ်စုစိတ်ကြောင့် ကျောပိုးအိတ်နား သူမ ရောက်သွားသည်။ သူ့လက်ချာစာအုပ်သည် ကို့လို သပ်ရပ်မှုမရှိ။ ကို့လက်ရေးဝိုင်းဝိုင်းလေးများထက် သူ့လက်ရေး ခပ်သော့သော့ကို သူမ ပိုသဘောကျနေမိပြန်သည်။ အနက်ရောင် သားရေဖုံးနှင့် မထူမပါး စာအုပ်ပြားပြားလေးတစ်အုပ်ကို ဖွင့်မိတော့ ဒိုင်ယာရီစာအုပ်မှန်းသိလိုက်ရသဖြင့် အသာပိတ်ကာ ပြန်ထည့်ထားလိုက်သည်။

ထိုစဉ် အမှတ်မထင် စားပွဲကို ဖုံးအုပ်ထားသော မှန်ပြားအောက်က စာရွက်ဖြူလေးဆီအကြည့် ရောက်သွားသည်။ ထိုအက္ခရာဂဏန်းလေးများသည် ဖုန်းနံပါတ်တစ်ခုဖြစ်သည်။ ထိုဂဏန်းခြောက်လုံးကို မြင်လိုက်ရချိန်တွင် သူမနှလုံးသား ဒိတ်ကနဲ သိသိသာသာ ဆောင့်ခုန်သွားသည်။ ဖုန်းနံပါတ်ဘေးကအမည်က နိုင်အေးချမ်းတဲ့။

သည်ဖုန်းနံပါတ်ပိုင်ရှင်သည် သူတဲ့လား၊ ထူးဆန်းလိုက်တာ၊ သေချာရအောင်လေ ရိုစီတို့ ဖုန်းပေါ်မှာ တပ်ထားသော စာရွက်အတိုလေးပေါ်က ဂဏန်းလေးများနှင့် တစ်လုံးချင်း လက်ညှိုးဖြင့် ထောက်ကာ တိုက်ကြည်မိသည်။ အသေအချာပေါ့။ ရှေ့ဂဏန်း(၅) လုံးသည် ရိုစီတို့နံပါတ်အတိုင်း ဖြစ်ပြီး နောက်ဆုံး ဂဏန်းမှာ ရိုစီတို့က (၆)ဖြစ်ပြီး ထိုနံပါတ်၏ အဆုံးသတ်ကာ (၈)ဖြစ်နေတာ။

ဆိုဖာနောက်မှီကို အရုပ်ကြိုးပြတ် မှီချလိုက်ရင်း မျက်လုံးများကို မှိတ်ထားလိုက်သည်။ သည်လောက်ထူးဆန်းသော အဖြစ်အပျက်ကို သူမ ကြုံခဲ့သတဲ့လား၊ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တော့ ည(၈)နာရီခွဲ။

'ဟဲလို.... ပြောပါဗျာ'

ဖုန်းထူးသံသဲ့သဲ့သည် သူမနားစည်ကို အကြီးအကျယ် တုန်ဟီးသွားစေသည်။ သေချာပါသည်။ သူ့အသံ၊ သူမသည် ဖုန်းထဲကနေ ရင်းနှီးကျွမ်းဝင်ခဲ့ရသော ထိုအသံကို သူမ ကောင်းကောင်းကြီး မှတ်မိပါသည်။ မောဟိုက်လာသောစိတ်နှင့် ဖုန်းခွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

'ဟဲလို.... ဘယ်သူပါလဲဗျာ၊ ကျွန်တော်မကြားရလို့ပါ'

သေချာနေပြီဖြစ်သော သူ့အသံကြောင့် စကားလုံးများသည် လည်ချောင်းဝမှာ တစ်ဆို့နေသည်။ ချောင်းတစ်ချက် ဟန့်လိုက်ရင်း ....

'ချမ်းလား.... ငါလုလုပါ'

ခဏတိတ်ဆိတ်သွားပြီးမှ

'လုလု ...နင်ဘယ်က ဆက်နေတာလဲ၊ ဘယ်ရောက်နေတာလဲ၊ ဘာဖြစ်လို့လဲ'

သူ၏ စိုးရိမ်တကြီးမေးခွန်းများသည် သူမကို မောပန်းစေသည်။ သူမကို ဝေဒနာတွေ ဘာဖြစ်လို့ အထပ်ထပ် ပေးချင်နေရတာလဲ ချမ်းရယ်။

'ငါ.... ဒီည ရိုစီနဲ့အိပ်မှာ၊ မနက်ဖြန် ညနေကားနဲ့ ပြန်တော့မယ်။ နင့်ဖုန်းနံပါတ်တွေ့လို့ ငါဆက် ကြည့်လိုက်တာ။ နင့်လွယ်အိတ်ကို လာမယူတော့ဘူးလား'

'အခုလေးတင် ပြန်ရောက်တာ၊ ပြန်ထွက်ရဦးမှာ၊ လမ်းလည်း မသင့်ဘူး၊ ရပါတယ်၊ မနက်စောစော ဝင်ယူလိုက်မယ်၊ နင်နဲ့လည်း တွေ့ရတာပေါ့''

စကားများများမပြောဖြစ်ဘဲ ဖုန်းချဖြစ်သည်။ သူမကတော့ အရာရာကို အံ့သြမဆုံး။

Scanned with CamScanner

လွန်ခဲ့သော လေးနှစ်တိတိက ရန်ကုန်ကို အောင်လက်မှတ်လာထုတ်စဉ်က ရိုစီဆီ ဖုန်းဆက်ရင်း (ရိုစီနှင့် သူမက မန္တလေးက ဆယ်တန်းဘော်ဒါတစ်ခုကိုတက်ရင်း ခင်မင်ခဲ့ကြခြင်းဖြစ်သည်) ထိုနံပါတ်ဆီ မှားဝင်ခဲ့သည်။ တစ်ဖက်က သူမ ဖုန်းနံပါတ်ကို ပြန်မေးကြည့်ပြီး

'ဖုန်းမှားနေတယ်ဗျ၊ ကျွန်တော်တို့က ၈ နဲ့ဆုံးတာပါ' ဟူ သောစကားပြောသံတစ်ခုဝယ် သူမ ခင်မင်သွားခဲ့သည်။ သူနံပါတ်ကို သိခဲ့သောကြောင့် တမင်နှိပ်ကာ သူ့အသံကို ခိုးနာထောင်ခဲ့ဖူးသည်။

'ဟဲလို .... ပြောပါဗျာ'

'ဟဲလို .... ဘယ်သူပါလဲဗျာ၊ ကျွန်တော် မကြားရလို့ပါ'

စိတ်ရှည်စွာ ပြောရင်း စိတ်တိုသံအဖြစ် ပြောင်းသွားသောအခါ ဖုန်းကို ဦးအောင် ချပစ်လိုက်ရတာကို ပျော်ရွှင်နေခဲ့သည်။ သူ့အသံသည် သူမအတွက် ထူးခြားကာ ဖန်ဆင်းမှု တစ်စုံတစ်ရာကို ပေးနိုင်လေသည်။ သူထံ သူမ ခြောက်ကြိမ်ထက်မနည်း ဖုန်းခေါ်ခဲ့ဖူးသည်။ နောက်မှ ရူးပေါပေါကိစ္စမျိုးဟု ဆင်ခြင်မိကာ ကိုယ့်ကိုယ်ကို ထိန်းချုပ်ခဲ့ရခြင်း ဖြစ်သည်။ သည်နံပါတ်ကတော့ ဘယ်လိုမှ မေ့လို့မရ။ ရိုစီဆီ ဖုန်းဆက်တိုင်း မမှားရလေအောင် ဂရုစိုက်ရသဖြင့် ပို၍ မှတ်မိစေရန် ဖန်တီးသလို ဖြစ်နေခဲ့သည်။

ဖန်ပြားအောက်က စာရွက်လေးကို ထပ်ကြည့် လိုက်တော့ သူနာမည်နှင့် နောက်ထပ် ဖုန်းနှစ်လုံး ရှိသေးတာကိုပါ သိလိုက်ရသည်။ အကယ်၍ သူမ အလွတ်ရနေသော နံပါတ်ကို ဖြုတ်ပစ်ခဲ့လျှင် သူမှန်း သိမှာမဟုတ်။ ထိုနံပါတ်သည် ဟိုးတုန်းက ပိုင်ရှင်ထံမှာ ရှိနေဆဲမို့သာ သည်အဖြစ်အပျက်ကို သူမ သိရခြင်းဖြစ်သည်။

သူမ အသက်(၁၈)နှစ်အရွယ်က ရင်ခုန်ပျော်ရွှင်ခဲ့ဖူးသော အသံပိုင်ရှင်သည် သူမ အသက်(၂၂)နှစ်အရွယ်မှာ စိတ်လှုပ်ရှားသွားအောင် ပြုစားနိုင်သော လူသားတစ်ယောက်နှင့် တစ်ထပ်တည်း ကျနေခဲ့သတဲ့လေ။

သိပ်ထူးဆန်းသော သူမအဖြစ်သည် အချိန်တွေ နောက်ကျပြီးမှ ဖြစ်ပေါ်လာခဲ့သည်။ အရာအားလုံးသည် သူမပြုပြင်၍ မရနိုင်အောင် အစီအစဉ်တကျ ရှိနေခဲ့ပြီဖြစ်သည်။ သိပ်မဝေးတော့သော သူမ၏ သွားဘက်ဆိုင်ရာ ဆရာဝန်ဘွဲ့၊ နောက်.... နှစ်ဖက်လူကြီးများက အသိအမှတ်ပြုပေးထားသော ကိုနှင့် သူမတို့၏ချစ်သူဘဝဟူသော အဖြစ်အပျက်၊ ပထမနှစ်ကတည်းက သူမကို ခွဲကြီးစွာ စောင့်စားကာ တတိယနှစ်ရောက်မှ ရွေးချယ်သင့်ကြောင်း အသိဖြင့် လက်ခံခဲ့သည့်အဖြစ်ကိုပင် အလွန်တရာ ကျေနပ်ပျော်ရွှင်နေသော သူမချစ်သူ 'ကို' တဖြစ်လဲ ကိုသီဟန်။ ကို့အပေါ်မှာလည်း မတရားမလုပ်ချင်ပါ၊ နောင်တရလိုက်လျှင်ကော ဘယ်အဖြစ်အပျက်ကို ပြောင်းလဲပစ်နိုင်မှာမို့လဲ။

သည်လိုနှင့် သူမ၏ ရင်ခုန်သံအစစ်အမှန်ကို သူမ ကျောခိုင်းရတော့မှာလည်း ဟူသောအသိသည် သူမကို တုန်လှုပ်ခြောက်ခြားစေသည်။

'ဘာမှ ပြင်ဆင်ခွင့်မရှိတဲ့ ကျွန်မအတွက် ဖြေသိမ့်ခွင့်လေးတော့ ရှိမှာပါနော်'

တိုးတိုးရေရွတ်ရင်း သူ့ဒိုင်ယာရီကို ပြန်ဖွင့်သည်။ သူမနှင့်ပတ်သက်သော စာကြောင်းလေးတစ်ကြောင်းမျှ ရေးမထားလျှင်တော့ ဒါ.... သူမ၏ ကုသိုလ်ကံပဲပေါ့လေ၊ မိမိချစ်ရသူက မိမိအပေါ် မည်သို့သဘောထား ရှိနေလဲဆိုတာ လောက်တော့ သိချင်မိသည်။

လျှောထွက်ကျလာသော ဓာတ်ပုံသေးသေးလေးက သူမကို ဦးစွာ ပြက်ရယ်ပြုသည်။ နောက်ကျောတွင် 'ကိုကို့အတွက် ချစ်သောငယ်ငယ်' ဟု ရေးထားသည်၊ သူမ ပြန်ပိတ်ရန် မိမိကိုယ်ကို စေခိုင်းသော်လည်း မအောင်မြင်၊ ဓာတ်ပုံထဲက မိန်းကလေးသည် တစ်စုံတစ်ရာ အပြစ်မရှိအောင် လှရက်လွန်းသူတစ်ယောက်ဖြစ်နေသောအခါ ပို၍ သိမ်ငယ်ရလေသည်။ သူ့ဒိုင်ယာရီသည် စိတ်ကူးပေါက်မှ ထရေးလေ့ရှိဟန်တူသည်။ စာအုပ်အစမျက်နှာတွင် ၁၉၉၉ နှစ်ဖြင့် ရေးထားသည်။ စာအုပ်က သုံးပုံတစ်ပုံလောက် ကျန်နေ သေးသည်။ Light Pen အဝါရောင်အပြားဖြင့် တားထားသော စာတန်း ခပ်သေ့သေ့တစ်ခုထံ သူမအကြည့် ရောက်သွားသည်။

ကျိန်စာတစ်ပုဒ် (၁၀.၁၀.၂၀၀၃)

ဘယ်လောက်ရက်စက်တဲ့ ကျိန်စာလဲကွာ၊ ငါရူးမတတ်ပါပဲ၊ ဒီညဒဂုန်စင်တာမှာ ပြန်ဆုံတော့ သူ့ကို ငါတကယ်ချစ်တာ သိခဲ့ရတယ်။ ဒီလောက်နှစ်တွေကြာတာ ငါမမေ့နိုင်ခဲ့ဘူး။ သူနောက် တကောက်ကောက် လိုက်နေခဲ့တာ သူကတော့ မသိရှာဘူး။ သူ့အိမ်ကို လိုက်ချင်တဲ့စိတ်ကို မနည်း ချိုးနှိမ်ပြီး လှည့်ထွက်ခဲ့ရတယ်။ ငါ့မှာ အရာရာကို ပြင်ဆင်နိုင်ခွင့်မှ မရှိဘဲ။ သိပ်ရက်စက်တဲ့ ကျိန်စာတစ်ပုဒ်အတွက်တော့ အချိန်တွေ အများကြီးယူပြီး ကုစားရမှာပဲ။ ပျောက်ဖို့တော့ သိပ်မသေချာဘူး ကောင်မလေးရယ် . . .

ကျိန်စာမက်သူ (၂.၁၀.၂၀၀၃)

ဘုရားရေ!

ရန်ကုန်မြို့ကြီး ဒီလောက်ထိ ကျဉ်းနေခဲ့ပြီလား။ မီးပွိုင့်မှာ ကားရပ်နေတုန်း ကားပြတင်းကနေ အပြင်ကို ငုံ့အကြည့် သူ့ကို ဘေးက Taxi ကားရှေ့ခန်းမှာ တက်ကြွမှု အပြည့်နဲ့တွေ့လိုက်ရတော့ ငါလိုင်းကားပေါ်ကနေ ပြေးဆင်ပြီး အဲဒီကားထဲ လိုက်သွားချင်မိတဲ့အထိ ငါ့ကို ရူးသွပ်စေတယ်။ သူက မော့အကြည့်မှာ ငါနဲ့မျက်လုံးချင်းဆုံတော့ ငါ့ကိုယ်မှာ စီးနေသမျှ သွေးတွေ လောင်မြိုက်သွားသလို ငါခံစားလိုက်ရတာ။ ငါ့ရဲမိုက်မဲစိတ်တွေကို ကြိုးစားတည်ဆောက်ရင်း ကျောင်းကို ရောက်ခဲ့တယ်။

စာသင်ခန်းအနောက်ဘက်ကနေအဝင် သူ့ကို ရိုစီနဲ့ထိုင်နေတာ မြင်

Scanned with CamScanner

လိုက်တော့ အတန်းဝမှာ ငါသေဆုံးသွားပြီလို့ ထင်လိုက်မိတယ်။ လောက ကြီးက အဲလောက်ရက်စက်တတ်သလား။

ငါ့နားကို သူရောက်လာခဲ့ပြီတဲ့လေ။

တဒိတ်ဒိတ်ခုန်လာသော ရင်အုံကို သူမလက်ဖြင့် ဖိထားမိသည်။ ဘုရား ဘုရား.... ။ ဒါဆို သူကလည်း သူမကို ....။ ဆရာ စာသင်တော့ ငါ့ အနောက်ဘက် ခပ်စောင်းစောင်းနေရာက သူ့ကို ခဏခဏ ခိုးကြည့်မိတယ်။ သူကတော့ ဟိုးတုန်းကလိုပုံစံနဲ့ မပြောင်းလဲသေးဘူး။ ခံစားလိုက်ရတာကွာ။ လောကကြီး ငါ့အပေါ် ဘယ်လောက်ထိ ရက်စက်ထားလဲ။ အတန်းချိန် တစ်ဝက်မှာ ငါခိုးကြည့်တာ အမိခံလိုက်ရတယ်၊ *Please don't despire me.* ငါ့ကို အထင်မသေးလိုက်ပါနဲ့ကွာ။

ငါ မင်းကို ရူးသွပ်နေခဲ့တာ လေးနှစ်တိုင်အောင် နေ့တိုင်းပါပဲ!!!

ကမ္ဘာကြီးဝင်ရိုးပေါ်မှာ ပြောင်းပြန်လည်သွားပြီထင်၏။ အရာရာသည် အိပ်မက်သဖွယ်။ ပီပီပြင်ပြင် မသေချာသော လက်ရှိအချိန်မှာ သူမဆိုတာ လွင့်မျောနေသော တိမ်စိုင်လေးတစ်ခုလိုလို။ သည်မြို့တော်ကြီးမှာ သည်လို ဖြစ်ရပ်မျိုး တကယ်ရှိခဲ့ဖူးသတဲ့လား။

ရိုစီက ခေါ်မိတ်ဆက်ပေးတော့ သူမိတ်ဆွေဖြစ်ခွင့် ရသွားတယ်။ ဘာလို့ ဒီလောက်ထိ အချိန်တွေအများကြီး နောက်ကျခဲ့ရတာလဲ၊ စကားပြောရင် အလုအယက် ဝင်ပြောတတ်တဲ့ ငါ့မျက်နှာချင်းဆိုင်က ကောင်မလေးဟာ လွန်ခဲ့တဲ့ လေးနှစ်တုန်းက ငါ့ခြေထောက်ကို သူထောက်ဖိနပ်အချွန်ကြီးနဲ့ တက်နင်းခဲ့ဖူးတဲ့.... ငါ့အိပ်မက်တွေထိ နှောင့်ယှက်ခဲ့ဖူးတဲ့ ငါ့နတ်သမီးလေ၊ ငါ့အဖြစ်ဟာ ယုံနိုင်စရာမရှိပါလား၊ ကျောင်းဆောင်အပေါ်ထပ်မှာ ငါနဲ့ အပြန်အလှန်စကား စစ်ထိုးကြတာ တကယ့်ဖြစ်ရပ်မှ ဟုတ်ရဲ့လားလို့ အခုထိ တွေးနေမိတုန်းပဲ။ အချိန် နာရီတွေကို နောက်ပြန်လည်ခိုင်းပြီး အသစ်ပြန်စ ခွင့်ရှိချင်တယ် ကောင်မလေးရယ်။ အခုတော့ သိပ်ရက်စက်တဲ့ ကျိန်စာ သင့်နေပြီ။ ရူးသွပ်မိုက်မဲမှုအပြည့်နဲ့ အဲဒီကျိန်စာကို မက်မောတဲ့ကောင် ဖြစ်နေပြီ။

ဒိုင်ယာရီရှေ့စာမျက်နှာများကို တဖျတ်ဖျတ်ပြန်လှန်ကာ ရှာမိသည်။ သိပ်မရှာရ။ နေ့စွဲတစ်ခုကို ခရမ်းရင့်ရောင်လိုက်ပန်ဖြင့် ရေးသားထားသော စာမျက်နှာတစ်ခုကို တွေ့လိုက်ရသည်။

မြင်မြင်ချင်းချစ်တယ်ဆိုတာ ငါလက်မခံခဲ့ပါဘူး။ ဒါပေမယ့် သူ့ကို စတွေ့လိုက်ရတော့ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဟိုးတုန်းက ဆုံဖူးသလိုလို၊ နောက်ထပ်ဆုံဦးမှာလိုလို။ ငယ်ငယ်လို မချောပေမယ့် တအားသဘောကျ သွားတယ်။ အောင်လက်မှတ်ကို အလုအယက်တိုးယူလို့ သူ့အစ်ကိုက ဟောက် တာကို မခိုးမခန့် မျက်စချီလိုက်တာ မဆီမဆိုင် ငါ့ရင်ထဲ ဒိန်းကနဲ။ နာမည် ခေါ်တော့ 'ဟုတ်ပါတယ်။ လုလုကျော် ဒီမှာပါ။ ကျွန်မ .... ကျွန်မ လုလုကျော်. .... လုလုကျော်' တဲ့လေ။ သူနာမည်ရော၊ သူ့ပုံစံရော ငါ့ အတွက်တော့ ဘယ်တော့မှ မမေ့နိုင်တော့ဘူးဆိုပြီး ခပ်ကြောင်ကြောင် တွေးမိပါရဲ့။ သူ့အောင်လက်မှတ်ကို လှမ်းကြည့်တော့ ဘာသာစုံ ဂုဏ်ထူး ရှင်မှန်း သိလိုက်ရတယ်။ မင်းပုံစံက ဆေးကျောင်းသူလုပ်မယ့်ပုံစံပဲလို့ တွေးနေတုန်း ငါ့ခြေဖမိုးပေါ်ကို ဒေါက်ချွန်ကြီးနဲ့ နင်းထည့်လိုက်တာ အီစလံ ဝေသွားတာပဲ။ ဒါပေမယ့် ငါမအော်ဖြစ်ဘူး။ ဟာသပဲ။ မင်းက ဘယ်သူ နင်းမိမှန်းမသိတော့ ဘေးနားမှာရှိသမျှလူတွေကို 'ကန်တော့နော် နင်းမိတာ' ဆိုပြီး လှည့်ပြောနေတာ။ တကယ်တော့ အနင်းခံရတဲ့ကောင်ကိုတော့ မင်း မမြင်ဘူး။

ည ရွေတိဂုံဘုရားမှာ ပြန်ဆုံကြပြန်ရော။ ဗုဒ္ဓဟူးထောင့်မှာ အလုအယက်ဝင်တိုး ရေ သဖွယ်နေတဲ့ သူ့ကို ငါကပဲ စမြင်တာပါ။ ဘုရားပေါ် ပုတီးလာစိပ်နေတဲ့အခေါ်ကို ထိုင် ကန်တော့ချင်စိတ် ပေါက်မိတယ်။ သူ့ကို လာကြို လို့ မင်းနဲ့ဆုံတာ ကောင်မလေးရေ....။ ငါကြည့် နေတုန်း သူ့ရဲ့ ရေခွက်ကိုင်ထားတဲ့ တံတောင် ဆစ်ကို တစ်ခုခုနဲ့တိုက်မိပြီး အနားက အမျိုးသမီး ကြီးကို ဖြုန်းကနဲ ပက်လိုက်သလိုဖြစ်သွားတယ်။ လူတွေကြားထဲ အလုအယက် တိုးတာကိုး။ အမျိုးသမီးကြီးက ရှိုးအပြည့်၊ မိတ်ကပ်အဖွေး သားနဲ့၊ နှုတ်ခန်းနီကဆို ရဲလို့။ ရွေကိုင်းတပ် မျက်မှန်ကြီးလည်း ရွဲ၊ မိတ်ကပ်တွေလည်း ကုန်တော့ သိပ်စိတ်ဆိုးသွားပုံပဲ။ အဲဒါ သူ့ကို အလု အယက် တောင်းပန်တော့ အောင့်သက်သက်နဲ့ တစ်ရှူးနဲ့ သုတ်ပစ်ရတာပေါ့။ မင်းလည်း ဇက် ကလေးပုပြီး ရေဆက်မသပ်ပါယ်တော့ဘဲ မလှမ်း မကမ်းမှာ ရပ်စောင့်နေတဲ့ အစ်ကိုဆီ ပြေးသွား တော့ ငါ့ရင်ထဲမှာ ဟာသွားတယ်။

သူ့ရဲ့ နေ့ရက်အများကြီးကို စိုးမိုးခဲ့သူသည် တကယ်ပဲ သူမ ဖြစ်နေသတဲ့လေ။ တစ်ယောက် နှင့် တစ်ယောက် အတူတကွ မြို့သိပ်ခံစား နေခဲ့ ကြတာကို အချင်းချင်း မသိခဲ့ကြ။ သူ့အသံမှာ ရင်ခုန်ခဲ့ဖူးတာ သူကလည်း ကန်းဂရူး။ သူမ နောက် တကောက်ကောက်လိုက်ပြီး သူတိတ် တိတ်လေး ခံစားရသူဖြစ်ကြောင်း တွေးမိသော အခါ ရင်ထဲမှာ တစ်တစ်ဆို့ဆို့ကြီး ဖြစ်ရလေ သည်။

ပန်းဆိုးတန်းစာအုပ်ဆိုင်မှာ အစ်ကိုနှင့်အတူ အလုအယက် စာအုပ်ဝယ်နေသော သူမကို နောက် နှစ်ပတ်အကြာမှာ ထပ်ဆုံကြောင်း ရေးသားထား သည်။ ဒါဆို သူမတို့နှစ်ယောက်သည် သိပ်လှပ ရက်စက်သော ကျိန်စာသင့်သူများ ဖြစ်ပေသည်။

သူမိဘနှင့် ငယ်ငယ့်မိဘတို့၏ အပြန် အလှန် ကျေးဇူးများ၊ လောကအလယ် တစ် ယောက်တည်း ကျန်ရစ်ခဲ့သော ငယ်ငယ့်ကို တစ်ချိန်တွင် တာဝန်ယူရမည့်သူဘဝ။ လောက ကြီးအတွက် မထူးဆန်းသော်လည်း သူမတို့၏ အဖြစ်အပျက်ကို ထူးဆန်းစေရန် အခြေခံဖြစ်လာ ခဲ့သည်။

ဒိုင်ယာရီစာအုပ်ကို နေသားတကျ ပြန်ထည့် ပြီး သိပ်မကြာခင် ရိုစီပြန်ရောက်လာသည်။

Scanned with CamScanner

ထိုညက သူမ ဒီဇက် အကူအညီဖြင့် အိပ်ရာဝင်လိုက်ရသည်။ မနက်မိုးလင်းတော့ ရိုစီက ဒူးရင်းသီးသုံးလုံးကို ညွှန်ပြရင်း 'ချမ်းလေ'

'နင့်အတွက်တဲ့။ ညက သန်းခေါင်ကြီး ထလာပြီး လွယ်အိတ် လာယူသွားတယ်။ ညအိပ်ဝတ်စုံကြီးနဲ့ထလာတာ။ ဒူးရင်းသီးက သူမှာ အဆင်သင့်ရှိလို့တဲ့'

'ဘာနဲ့လာတာလဲ'

'အိမ်ကကားနဲ့ပေါ့။ အဲလိုပဲ တစ်ခါတစ်ခါ ဂေါက်ချင်တယ်၊ နင်ဆေးသောက်ပြီး အိပ်နေပြီ ဆိုလို့ မနှိုးနဲ့ တောဲ့လေ'

ညနေကားဂိတ်ကို လိုက်ပို့သူများတွင် သူ တစ်ယောက် မပါခဲ့ပါ။ သူမ စကားလုံးတွေ စီထားခဲ့သော်လည်း ထိုအစီအရီလေးအတိုင်း ရင်ထဲမှာပဲ ရှိနေတော့သည်။ မြို့သိပ်နိုင်လိုက်တာ ချမ်းရယ်။ စကားလုံးခြောက်လုံးတည်းပဲ ပြောခဲ့ချင်တာပါ။ ဒါလေးကိုတောင် လာနားမထောင်ပေးတော့ဘူးလားကွယ်။ ချမ်းရေ .... ငါ နင့်ကို စောင့်နေခဲ့ဖူးပါတယ်။ စကားလုံးခြောက်လုံးကို ပြောဖို့ပေါ့။ 'နင် Diary ကို ဖတ်မိတယ်' လို့

သူမရင်ထဲမှာ လေးလံစွာ ညည်းညူနေမိသည်။ ဖိုးကျော်ကတော့ ဘာမှမသိ။ 'မိလုတော့ ခါတိုင်းလို အလုအယက် မရှိတော့ဘူး။ သရဲအိမ် ဝင်ပြီးကတည်းက အချိုးပြောင်းသွားတော့တာပဲ'

ဘိုဘိုနှင့်ရိုစီ၊ ကိုကိုနှင့်ယောက်မကလည်း နောက်ထပ်အလည်လာဖို့ကိုပဲ အလိုက်နန်းဆိုးမသိ ပြောနေကြပြန်သည်။ သူမ ဘယ်လို အင်အားမျိုးနှင့် သည်မြေကို နောက်ထပ် ခြေချရမှာလဲ။

ကားစက်အနှိုးမှာတော့ ဆိုဖာခုံပေါ် ပစ်ထိုင် ချလိုက်ရင်း စိတ်လျှော့လိုက်သည်။ မျက်လုံးများကို မှေးလိုက်တော့ မျက်ရည်တစ်ပေါက် ကျလာသည်။ သေချာတာပဲ။ သူမကိုယ်တိုင်လည်း သည်ကျိန်စာကို တွယ်တာမက်မောနေဦးမှာဆိုတာ။

(၄)

မန္တလေးတောင်ပေါ်တွင် ဆိမီးရောင်စုံ၊ လျှပ်စစ်မီးရောင်စုံဖြင့် ယှက်ဖြာတောက်ပနေသည်။ သူမတို့အဖွဲ့ကြီးသည် တောင်ပေါ်ဘုရားရင်ပြင်မှ နေ၍ မန္တလေးမြို့ကို အုပ်မိုးကြည့်နေကြသည်။ ရောင်စုံမီးလုံးလေးတွေ ပြန့်ကြဲနေသော မန္တလေး ညရှုခင်းသည် သူမတို့အားလုံးကို ညှို့ယူဖမ်းစားနေသည်။ မီးရှူးပန်းရောင်စုံတို့ ထောင်ပန်းထွက်လာတိုင်း သူမတို့ မျက်တောင်ခတ်ရန် မေ့လျော့နေသည်အထိ လှပလွန်းသည်။

အရှေ့ကောင်းကင်မှာတော့ ဝိုင်းစက်စက် လမင်းကြီးသည် သိပ်မတောက်ပသေးဘဲ မေးတင်ခါစသာရှိနေသည်။ မိုးသားကင်းစင်သောကြောင့် ကြယ်ပွင့်များက ပြိုးပြိုးပြက်ပြက် လင်းနေသည်။

သူမခေါင်းပေါ်မှာ ကြယ်ပွင့်များ ပန်ထားသော ကောင်းကင်ကြီးတစ်ခုရှိနေသလို သူမ ငုံကြည့်ရာနေရာ မြေပြင်သည်လည်း ကြယ်တွေ ပြန့်ကြဲနေသော ကောင်းကင်ကြီးတစ်ခုဖြစ်နေသလို ခံစားရသည်။ တောင်ပေါ်ကနေ မီးရောင်စုံ လင်းနေသော မန္တလေးကို ငုံကြည့်လိုက်တိုင်း အာကာသ အမြင့်ဆုံးတစ်နေရာကနေ ကြယ်တွေ ရှိသော ကောင်းကင်ကို ပြန်ငုံကြည့်နေသလိုမျိုး ဖြစ်သည်။

စစ်ကိုင်းနှင့် မင်းကွန်းတောင်ရိုး၏ အနားသတ်များကို မီးလုံးများက လှပစွာပုံဖော်ထားသည်။ အောက်ခြေမှာတော့ တိတ်ဆိတ်မဲမှောင်နေသော ဧရာဝတီမြစ်ကြီး၊ ဟိုတစ်စ သည်တစ်စ လူးလွန့်တက်လာသော မီးပုံးပျံများကို မြင်ရသည်။ သူမလည်း မီးပုံးပျံထဲကနေ စီးနင်းလိုက် ပါချင်လိုက်တာ၊ သည်ဧရာဝတီမြစ်ကြော တစ်လျှောက် အဆုံးထိပေါ့။ ဟိုးတောင်ဘက် မုတ္တမကွေ့နားအထိလေ။ သူရှိနေမည့်နေရာဆီပေါ့။

ဆယ်တန်းနှစ်တုန်းက အကြိမ်ကြိမ်အခါခါ လေ့ကျင့်ခဲ့ဖူးသော မြန်မာနိုင်ငံမြေပုံကို မြင်ယောင်လာသည်။ သူမရှေ့တည့်တည့် ဟိုးအဝေး မိုင်ပေါင်း(၄၃၀)အကွာ တည့်တည့်မှာ ထိုမြို့ရှိသည်။ သူမဘဝအတွက် အံ့သြစရာအမှတ်တရတွေ ပေးခဲ့သော ခြေလှမ်းများချခဲ့ရာ မြို့ကြီးပေါ့။ ထိုမြို့တွင် သူရှိကောင်း ရှိလိမ့်မည်။

သူငယ်ချင်းကောင်းလေးတစ်ယောက် သူမထံ မီးရှူးအရှည်ကြီး တစ်ချောင်းလာပေးသည်။ မီးရှူးပန်းထိပ်က ယမ်းစကို မီးနှင့်တို့ခိုန်ဝယ် သူလက်ရေးခပ်သေ့သေ့လေးများကို ပြေးမြင်သည်။ ကျိန်စာတစ်ပုဒ်ကို မက်မောနေဆဲပဲလား။ တိုက်ခန်းလေးထဲက ကွန်ပျူတာတစ်လုံးရှေ့ အလုပ်ရှုပ်ချင်ဟန်ဆောင်နေမှာလား။ တိုက်ခန်းဝရံတာမှာ (သို့မဟုတ်) ဘုရားတစ်ဆူဆူ၏ ရင်ပြင်တော်တစ်နေရာကနေ ကောင်းကင်ကြီးကို မော့ကြည့်နေမှာလား။

သို့ဆိုလျှင်တော့ သူမ ပစ်ဖောက်နေသော မီးရှူးပန်းပွင့်လေးများကို သူမြင်ကောင်းပါရဲ့။ လက်ကို ဆန့်တန်းကာ မီးရှူးပန်းကို အမြင့်ဆုံးကိုင်မြှောက်မိသည်။ ပြီးမှ သူမအဖြစ်ကို 'ဟက်' ကနဲ အသံထွက် ရယ်မောမိတော့ ဝဲဘက်ရင်အုံဆီမှ ဆစ်ကနဲ ဓူးဝင်နာကျင်သွားလေသည်။

■

ခရေညိုညို

သွားဆေး (မန်း)

Scanned with CamScanner

စာကျက်မယ်ပြင်တိုင်း
အတွေးထဲကို
စိုးမိုးဝင်လာတတ်တဲ့
နွယ်ရဲ့မျက်နှာလေးအကြောင်း
နွယ်ရဲ့အပြုံးလေးအကြောင်း
နွယ်ရဲ့ကရုဏာစကားလေးတွေ
အကြောင်း
ကျွန်တော်
ဘယ်လိုသတ္တိမျိုးတွေနဲ့
ဖွင့်ဟပြောပြရပါမလဲ
ကျွန်တော့်ရင်ထဲမှာ
တိတ်တဆိတ်ပေါက်ဖွားနေတဲ့
အချစ်သစ်ပင်လေးအကြောင်း
နွယ့်ကို
ဘယ်လိုအသိပေးရမှာလဲ. . .
နွယ်ရယ်
နွယ်က အချစ်ကို
သိနားလည်သူမှ မဟုတ်တာ

မျှော်လင့်ရည်စူး၊ မြတ်နိုးဖူးသည်
ပွင့်ဦးသစ်နွယ်၊ မောင့်သက်လှယ်ကို
နှောင်တွယ်တိတ်တိတ်၊ ကြိတ်မြိုသိပ်၍
စိုးစိတ်ကွန်ချာ၊ ဝေဒနာဖွဲ့
သူငါတစ်ပါး၊ ဆွတ်ယူသွားရှင့်
ရင်နှင့်ကြမ္မာ၊ ထိုဒဏ်ရာလျှင်
နွယ်တစ်မျှင် နှောင်တွယ်ငင်သည်ကြောင့် ။

(၁)

မမျှော်လင့်ဘဲ နွယ်နှင့်တစ်ဖန် ပြန်လည်ဆုံတွေ့ခွင့် ရခဲ့ခြင်းသည်
ကျွန်တော့်အတွက် ကံကောင်းသည်ဟုပဲ ဆိုရမလား၊
ကံဆိုးခြင်းဝေဒနာတို့၏ လမ်းစပေါ်သည်ဟုပဲ ဆိုရမလား
မပြောတတ်ပေ။ ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင်
နွယ့်ကို စိမ်းမြစိုပြေသော ပြန်တွေ့စဉ် ပထမတော့
ကျွန်တော် ပြောမပြတတ်အောင် ဝမ်းသာသွားခဲ့သည်မှာ အမှန်ပင်။
ဒုတိယနှစ် ဘီဒီအက်စ်ကျောင်းသားတစ်ယောက်အဖြစ်ဖြင့်
မန္တလေး သွား/ဆေးမှ ရန်ကုန် သွား/ဆေးသို့ ပြောင်းရွှေ့လာခဲ့ပြီး
ခြောက်ရက်မြောက်သောနေ့မှာပင် စာကြည့်တိုက်အတွင်း၌
ကျွန်တော် နွယ့်ကို ပြန်လည်တွေ့ဆုံခွင့်ရခဲ့၏။
ထိုစဉ်က စားပွဲတစ်လုံးတွင် နေရာယူကာ စာဖတ်နေသော နွယ့်ကို
ကျွန်တော် စတွေ့လိုက်လိုက်တော့ 'နွယ်များလား' ဆိုသော
ဒွိဟအတွေးဖြင့် ကျွန်တော့်နှလုံးသားက ဒိတ်ကနဲခုန်သည်။
ကွဲကွာသွားခဲ့ကြတာ နှစ်တော်ကြာပြီဆိုပေမယ့်
နွယ့်ပါးပြင်ပေါ်က စံပယ်တင်မဲ့ကလေးကိုတော့
ကျွန်တော် ကောင်းကောင်းမှတ်မိနေခဲ့သည်။
အရဲကိုးကာ သွားရောက်နှုတ်ဆက်ဖို့ကျတော့လည်း
'တကယ်လို့များ လူမှားနေရင် ဒုက္ခ' ဆိုသော အတွေးက
ကျွန်တော့်ခြေလှမ်းတို့ကို တုံ့နှေးလို့နေစေခဲ့သည်။
'သက်သက်မဲ့လာအရောဝင်တယ်' ဟု အထင်မှားခံရလျှင် မကောင်းပါ။
ကံကောင်းထောက်မစွာပင် နွယ်ဝတ်ဆင်ထားသော
ဂျူတီကုတ်ဖြူဖြူလေး၏ ဘယ်ဘက်တစ်နေရာတွင် Name Plate ကို
ဖတ်နိုင်လျှင် နွယ်ဟုတ်မဟုတ် ကျွန်တော် သိနိုင်သည်။
နွယ်နှင့် မျက်စောင်းထိုးစားပွဲထိုးတွင် ကျွန်တော် ဝင်ထိုင်လိုက်ပြီး
Name plate ကို လှမ်း၍ ကြိုးစားဖတ်ကြည့်လိုက်သည်။
ဆံနွယ်ရှည်တစ်ချို့ ဖုံးကွယ်နေသဖြင့် သဲကွဲစွာ မမြင်ရနိုင်ပေ။
ကျွန်တော် မချင့်မရဲစောင့်ဆိုင်းဆဲ နွယ်က ဖတ်လက်စစာအုပ်ကို
ပိတ်ကာထရပ်သည်။ မျက်လုံးအကြည့်က ကျွန်တော့်ဆီရောက်လာ၏။
ခဏပါပဲ၊ ပြီးတော့ အကြည့် ပြန်လွှဲကာသွားသည်။
နွယ် .... ကျွန်တော်ကို မမှတ်မိဘူး။ ထိုအတွေးကြောင့်

ကျွန်တော့်ရင်ထဲ ကျင်ခနဲဖြစ်သွား၏။

နွယ်ကထရပ်ပြီး ဆံနွယ်ရှည်တို့ကို ကျောနောက်ဘက်သို့ စုသိမ်းကာ ခေါင်းစည်းကြိုးပန်းရောင်လေးဖြင့် ချည်လိုက်တော့မှ name plate တွင် ရေးထွင်းထားသော အမည်နာမလေးကို ရှင်းလင်းသဲကွဲစွာ မြင်ရတော့သည်။

အို . . . . နွယ်မှ နွယ်အစစ်ပဲ။ ကျွန်တော် ရင်းနှီးစွာ သိနှင့်ခဲ့သော နွယ်ရဲ့နာမည်ရင်းလေးက name plate ပေါ်မှ လှပစွာ တည်ရှိနေသည်မဟုတ်ပါလား။

နွယ်က စားပွဲပေါ်မှ စာအုပ်တွေကို ပွေ့ယူပြီး လှည့်ထွက်ဟန်ပြင်မှ ကျွန်တော် 'နွယ်' ဟု ကမန်းက လှမ်းခေါ်လိုက်သည်။ နွယ်က ဖျတ်ကနဲ လှည့်ကြည့်လေ၏။ ကျွန်တော်ကို အကဲခတ်ကြည့်နေသော နွယ့်မျက်ဝန်းတွေမှာ ဝေခွဲမရဟန်တူသော အရိပ်တွေ ယှက်ဖြာနေသည်။ ကျွန်တော်လက်ထဲတွင် ကိုင်ထားသော Biochemistry စာအုပ် အပြာလေးအရ ကျွန်တော့်ကို 2nd B.D.S ကျောင်းသားမှန်း နွယ် ခန့်မှန်းနိုင်

Scanned with CamScanner

နွယ်တစ်မျှင်
နှောင်တွယ်ငင်သည်ကြောင့်...

မိုးခကာခြည်မိုး

လိမ့်မည်။ 2nd B.D.S ကျောင်းသားတစ်ယောက်က 'နွယ်'ဟု ရင်းရင်းနှီးနှီး ခေါ်လိုက်သည်ကို နွယ် အံ့သြနေပုံပါပဲ။

'ကျွန်တော့်ကို မမှတ်မိတော့ဘူးလား .... နွယ်'

နွယ်က ခုထက်ထိတိုင် မှတ်မိဟန် မတူသေး။ မျက်မှောက်လေးကျုံ့ကာစဉ်းစားနေဆဲ။

'စိတ်မရှိနဲ့နော်။ တို့မင်းကို မသိခဲ့ဖူး ထင်ပါရဲ့။ မင်းလူမှားနေတာများလား'

ဂျူနီယာမောင်လေးက စိနီယာမမကိုလာပြီး ဇာတ်လမ်းပမာ ချဲ့လေသည်များ နွယ် ထင်လေမည်မလား မပြောတတ်ပါ။ နွယ်အသံက ခပ်မာမာရှိဆဲတည်း။

'အင်းပေါ့လေ .... မတွေ့တာဘဲ နှစ်အတော်ကြာခဲ့ပြီကော' ....

ပြောရင်းနဲ့ ကျွန်တော် ပြုံးလိုက်မိ၏။ ဒီတော့မှ မျက်လုံးလေးများဝိုင်းကာ . . .

'အို .... မောင်မောင် .... မောင်မောင် .... မဟုတ်လား .... '

'ဝမ်းသာလိုက်တာ .... နွယ်ရယ်။ နွယ် ကျွန်တော့်ကို မှတ်မိသွားပြီပေါ့ ....'

'ကြည့်စမ်းပါဦး .... မောင်မောင်ရယ်။ အရပ်ကြီး ရှည်ပြီး၊ ချောလာလိုက်တာ။ ငယ်ရုပ်တောင် ပျောက်နေပြီကော။ မင်းပြုံးလိုက်တော့မှပဲ ငယ်ရုပ်ပြန်ဖမ်းမိတော့တယ် ....'

မျက်ရည်ဝဲစွာနှင့် ဝမ်းသာအယ်လဲစကားဆိုနေသော နွယ့်ကိုကြည့်ရင်း ကျွန်တော် ရင်မှာ ကြည်နူးရပါ၏။

'ကျွန်တော်ကတော့ စတွေ့ကတည်းက မှတ်မိတာပါ .... နွယ်။ နွယ်ရဲ့ စံပယ်တင်မဲ့လေးကို နှစ်တွေ ဘယ်လောက်ကြာကြာ ကျွန်တော် မေ့မသွားပါဘူး။'

နွယ်က မဲ့လေးကို အသာထိတွေ့ ပွတ်သပ်ကာ ရယ်ရင်း 'အလဲ .... တယ်စာတဲ့ဆိုပါလား ငါ့မောင်'ဟု နောက်သည်။

ကျွန်တော်နှင့်နွယ် ကန်တင်းတွင်ထိုင်ကာ စကားပြောဖြစ်ကြ၏။ နွယ် အတန်းမရှိဘူးလားဟု ကျွန်တော်မေးတော့ နွယ်က ရယ်ကာ ငါ့မောင်နဲ့ ပြန်တွေ့တဲ့ အထိမ်းအမှတ်အနေနဲ့ ကိုယ့်သဘောနဲ့ကိုယ် break time ပေးလိုက်တယ်လေဟုဆိုပြီး ဒါနဲ့မင်းရောဟု တုံ့ပြန်မေးတော့ ထူးမခြားနားပါဘဲ .... နွယ်ရယ်ဟုဆိုရင်း နှစ်ဦးသားရယ်ဖြစ်ကြ၏။

'ကဲ .... ဆိုစမ်းပါဦး'ဟုအစချီကာ ကျွန်တော် ရန်ကုန်သွား/ဆေးရောက်လာရသည့်အကြောင်း နွယ်က မေးသည်။ ကျွန်တော် သင်တန်း

Scanned with CamScanner

တက်သည့်နှစ်မှာ ဖေဖေတို့ သထုံပြောင်းသွားခဲ့သည့်အတွက် ကျွန်တော် တပ်ကုန်းမှာပင် နေခဲ့ပြီး။ ဆယ်တန်း ဖြေခဲ့ကြောင်း Dental လျှောက်တော့ စာစစ်ဌာနအရ မန္တလေးမှာ ပထမနှစ်တက်ခဲ့ရပြီး အခု ဒုတိယနှစ်ရောက်မှ ဖေဖေ transfer အရ ရန်ကုန် ပြောင်းခွင့်ရခဲ့ကြောင်း ကျွန်တော် ပြောပြ ဖြစ်ခဲ့သည်။

'ဒါနဲ့ ခုနက မင်းပြောတော့ All D ရတယ်ဆို MC မလျှောက်ဖူးလား။ ဆေးမီရဲ့သားနဲ့ ....'

'ဟင်းအင့် .... ကျွန်တော်က ဖေဖေလို Dental Surgeon ဖြစ်ချင်တာ လေ။ ကံသီလို့ပေါ့ နွယ်ရယ်။ MC လျှောက်ရင် ကျွန်တော် နွယ်နဲ့ ပြန်တွေ့မှာ မဟုတ်ဘူး.... '

နွယ်က 'ဒါပေါ့' ဟုထောက်ခံသည်။

ကျွန်တော်သောက်နေသည့် ကော်ဖီခွက်ကို ကြည့်ကာ 'မောင်မောင်တောင် ကော်ဖီတွေ ဘာတွေ သောက်တတ်လို့နေပါလား' ဟု စကားဆက်၏။ ငယ်ငယ်တုန်းက ကော်ဖီကို ခါးလှသည်ဟု အကြောင်းပြ ငြင်းဆန်တတ်သည့် ကျွန်တော့်အကျင့်ကို နွယ် မှတ်မိနေသားပဲ။ ကျွန်တော့်ရင်ထဲ နွေးလို့ သွားခဲ့၏။

ကျောင်းဆင်းတော့ နွယ်နှင့်အတူ (၃၉)စီးကာ ပြန်ဖြစ်သည်။

'နွယ်က ရန်ကင်း(၁၂)လုံးတန်းမှာနေတာ .... မောင်မောင်ရဲ့။ တာမွေ ဈေးမှာ ဆင်းပြီး တစ်ဆင့်ပြန်စီးရမယ်။ ဒါနဲ့ မင်းကရော မြို့ထဲမှာပဲလား ....'

'မဟုတ်ဘူးနွယ် ကျွန်တော် ကန်တော်လေး (၁၂၃) လမ်း မှာနေတာ .... အဘွားနဲ့နေတာလေ ....'

'နောက်မှ မင်းကို အိမ်လည်ခေါ်ရမယ် မောင်မောင်။ မေမေလည်း မင်းကိုတွေ့ရင် သိပ်ဝမ်းသာမှာ ....'

'ဒါနဲ့ ဦးရော နေကောင်းရဲ့လား နွယ်'

'နွယ် မျက်ဝန်းတို့ မှုန်ရီဆွေးငွေ့သမ်းသွား၏။ ဖေဖေဆုံးတာ တစ်နှစ်ကျော်သွားပြီး မောင်မောင်' ဟု ခပ်တိုးတိုးဖြေရှာသည်။

'အို စိတ်မကောင်းစရာဘဲ၊ တောင်းပန်ပါတယ် နွယ်ရယ်'

နွယ်က ရပါတယ်ဟုဆိုကာ အသာပြုံးပြသည်။ နောက်တော့ တစ်ယောက်နှင့်တစ်ယောက် မိသားစုအခြေအနေတွေ အပြန်အလှန် မေးဖြစ်ကြ၏။ တာမွေဈေးမှတ်တိုင်ရောက်တော့ ကျွန်တော့်ကို နှုတ်ဆက်ကာ နွယ် ကားပေါ်မှ ဆင်းသွားတော့သည်။

(၂)

နွယ်တို့မိသားစုသည် တပ်ကုန်းမှနေတုန်းက ကျွန်တော်တို့နှင့် ခြံချင်းကပ်လျက်ဖြစ်သည်။ လူကြီးမိဘချင်းက သာမန်ခင်မင် ဆက်ဆံရုံသာ ဖြစ်သော်လည်း မွေးချင်းမရှိကြသော တစ်ဦးတည်းသော သားသမီး ဖြစ်ကြသည့် ကျွန်တော်နှင့် နွယ်က အတူဆော့ကစားကာ မောင်နှမသဖွယ် ခင်မင်တွယ်တာခဲ့ကြသည်။ နွယ်သည် ကျွန်တော်ထက် အသက်တစ်နှစ်ခွဲခန့်ကြီးပြီး အတန်းတစ်တန်းကြီးသော်လည်း ကျွန်တော်က လူကြီးတွေ ခေါ်သည့်အတိုင်း နွယ်ဟုပဲ ခေါ်ပါသည်။ မေမေက သားရယ် မမနွယ်လို့ ခေါ်ပါဆိုသော်လည်း ကျွန်တော်က နှုတ်ကျိုးနေခဲ့မြဲပင်။

နွယ်၏ဖခင်က အရင်ကတည်းက ကျွန်းမာရေး မကောင်းရှာ။ အသည်းရောဂါလား၊ အဆုတ်ရောဂါလားတော့ ကျွန်တော် သေချာမမှတ်မိပေ။ အရက်သောက်တတ်တာကြောင့်လည်း ပါမည် ထင်သည်။ အိမ်ထောင်ဦးစီး၏ အခြေအနေကိုယ်တိုင် ယိမ်းယိုင်ခဲ့သဖြင့် နွယ်တို့ မိသားစု စီးပွားရေးကလည်း မကောင်းလှပါ။

နွယ် ခုနှစ်တန်းတက်သည့်နှစ်တွင်တော့ ရန်ကုန်မှာ ပိုက်ဆံ အတော်အသင့်ရှိသည်ဆိုသော နွယ်အဒေါ်ရောက်လာကာ နွယ်တို့ မိသားစုကို ရန်ကုန်ပြောင်းလာခဲ့ဖို့ တိုက်တွန်းသည်။ နာတာရှည်ဝေဒနာသည် နွယ့်ဖခင်ကိုလည်း ဆေးကုသပေးမည်ဟုဆို၏။ နွယ်တို့ ရန်ကုန်ပြောင်းမည်ဟု အတိအကျသိရသောနေ့က ကျွန်တော် နွယ့်ကို ဖက်ပြီး မျက်ရည်ကျသည်။

အမှတ်တရအနေနှင့် ဘာလက်ဆောင် လိုချင်သလဲဟု နွယ်ကမေး၏ 'နွယ်ရဲ့ မဲ့ကလေး လိုချင်တယ်' ဟုဆိုတော့ မျက်ရည်များကြားမှ နွယ်က ရယ်သည်။ နောက် ဆုံးတော့ နှစ်ဦးသား ညှိနှိုင်းဈေးဖြင့် ခါတ်ပုံကိုယ်စီလဲလှယ် ဖြစ်ကြသည်။

နွယ်တို့ ပြောင်းသွားသောနေ့က ခြံဝတွင် ရပ်ကာ နှုတ်ဆက်ရင်း မျက်ရည်မကျအောင် ကျွန်တော် အနိုင်နိုင် ထိန်းထားခဲ့ရသည်။ တိတ်ဆိတ်ခြောက်သွေ့သွားသော နွယ်တို့ အိမ်ဆီ ငေးကြည့်ရင်း လွမ်းမောတသစွာဖြင့် နာကျင်ရသည်က အကြိမ်ကြိမ်။ သို့သော် ငယ်ရွယ်သူတို့၏ ထုံးစံအတိုင်း အလွမ်းသည် ရင်မှာတခဏသာ ခံလေသည်။ နွယ့် ရန်ကုန်လိပ်စာ မတောင်းလိုက်မိသလို နွယ့်ထံမှ အဆက်အသွယ်လည်း မရခဲ့သောအခါ နွယ်နှင့် ကျွန်တော် အဆက်အသွယ် ပြတ်ခဲ့ရလေ၏။

'ဟုတ်တယ် မောင်မောင်ရဲ့ အဲဒီတုန်းက နွယ်လည်း ရန်ကုန်ရောက်ခါစဆိုတော့ မသွားတတ်၊ မလာတတ်တာရယ်။ ဖေဖေ ကျန်းမာရေးကြောင့် စိတ်ညစ်ရတာရယ်။ ပေါင်းတော့ မင်းဆီ စာအဆက်အသွယ်လုပ်ဖို့ စိတ်က မအားခဲ့တာ။ မင်းကိုတော့ သတိရပါတယ်လေ။ မင်းရဲ့ ခါတ်ပုံလည်း နွယ်ဆီမှာ ရှိနေသားပဲ။

သတိရလို့သာ တော်တော့်တယ် နွယ် library မှာ နွယ့်ကို နှုတ်ဆက်တော့ နွယ် ကျွန်တော်ကိုကြည့်တာ မသက်သာအကြည့်နဲ့လေ . . .

'အို .... ဒါကတော့ ရုတ်တရုတ်ကြီးကို .... ပြီးတော့ မင်းက ရုပ်တအား ပြောင်းသွားတာ ဆိုတော့'

Scanned with CamScanner

မျှော်လင့်ရည်စူး မြတ်နိုးဖူးသည့် ပွင့်ဦးသစ်နှယ် မောင့်သက်လှယ်ကို နှောင်ကွယ်တိတ်တိတ် ကြိတ်မြိုသိပ်၍ စိုးစိတ်ကွန်ချာ၊ ဝေဒနာဖွဲ့....ရပါရဲ့

ကျွန်တော် လိမ္မာတာ နွယ်လည်း အသိပဲ ....'

'လိမ္မာတယ်ဆို 1st year တုန်းက Distinction ဘယ်နှခုပါလဲ ပြော . . .'

မန္တလေး သွား/ဆေးမှာတုန်းက Physics ကို supple လွတ်အောင် မနည်းဖြေခဲ့ရသော သူ ဇက်ပုဝင်သွားတော့၏။

'လိမ္မာတာနဲ့ D ထွက်တာဆိုင်မှ မဆိုင်ဘဲ .... နွယ်ရဲ့'

'အို .... ဆိုင်တာပေါ့။ ကျောင်းသားဆိုတာ ထူးချွန်အောင် ကြိုးစားရမှာပဲ။ နောက် မောင်မောင်က ဆရာဝန် လုပ်မှာလေ။ သာမန်ထက် ပိုကြိုးစားရမှာပေါ့ '

နွယ်က ကျွန်တော့်ကို ဆုံးမသလို နွယ်ကိုယ်တိုင်ကလည်း ကြိုးစားပြီး စာတော်သော ကျောင်းသူတစ်ဦး ဖြစ်လေသည်။ အတန်းစဉ် ဝုဏ်ထူးတွေ ထွက်ခဲ့သလို ချောမောပြီး ချစ်စရာကောင်းကာ လိမ္မာရေးခြားရှိသော နွယ်ကို ဆရာ၊ဆရာမများက ချစ်ကြပြီး အတန်းသားချင်းတွေကလည်း ကျွန်တော်နီးကပ်စွာရောက်လာသောအခါ ကျွန်တော်နှင့် နွယ်သည် ကျောင်းရဲ့ စိတ်ဝင်စားစရာကိစ္စတစ်ခုလို ဖြစ်သွားခဲ့သည်။

'လာပါဦး၊ လာပါဦးယူရဲ့ ငယ်ကျွမ်းဆွေလေ'

ကျွန်တော် အတန်းပြီးလို့ နွယ် အတန်းရှေ့သွား စောင့်လျှင် နွယ့်သူငယ်ချင်းများက မကြားတကြား နောက်တတ်လေ၏။ ထိုအခါကျလျှင်တော့ နွယ်မျက်နှာက ရှက်သွေးဖြင့် နီရဲလို့နေတတ်သည်။ တို့ရဲ့ မောင်ပါကွာဟု တုန်ရီစွာ တုံ့ပြန်လျက် ကဲ .... ကြည့်စမ်း ဝန်ခံပြီတွေ့လား မောင်ပါတဲ့ဆိုဟု မလွတ်တမ်းနောက်တတ်ကြပြန်သည်။ ကျွန်တော်က မနေနိုင်စွာ 'ကဲပါဗျာ မစကြပါနဲ့တော့ နွယ် သိပ်ရှက်နေပြီဟု ဝင်ပြောလျှင် နွယ်ရဲ့သူငယ်ချင်းမမတွေက ခါးထောက် ရန်တွေ့ဟန်ပြုကြသည်။ အမယ်လေး ကျုပ်တို့ နောက်ရုံနဲ့တော့ နွယ်က သေမသွားပါဘူးတော်'တဲ့။

ထိုသူငယ်ချင်းအုပ်စုရှေ့မှ နှစ်ဦးသား ထွက်လာကြရင်တော့ နွယ်က တိုးတိတ်စွာ တောင်းပန်လေ၏။

'သူတို့က ဒီလိုပဲ သိပ်နောက်တတ်ကြတာ မောင်မောင်ရဲ့၊ စိတ်မဆိုးနဲ့နော်'

'ရပါတယ် နွယ်ရယ်'

ဘယ်စိတ်ဆိုးရက်ပါ့မလဲ နွယ်၊ သူတို့တတွေ စနောက်တဲ့ စကားတွေ အပေါ် ဇွေမယူတဲ့အပြင် ကျွန်တော်ကိုယ်တိုင် သာယာမိလျက်သား ဖြစ်နေခဲ့တယ်ဆိုတာ နွယ်သိရင်သာ နွယ် ကျွန်တော့်ကို စိတ်ငြိုငြင်သွားမှာပါ ဆိုသောစကားကိုတော့ ပြောမထွက်စွာ မြိုသိပ်သိမ်းဆည်းထားဖြစ်သည်။

တကယ်ပဲ စိတ်ငြိုငြင်သွားခဲ့လေမလား နွယ်။

နွယ့်အပေါ်ထားရှိတဲ့ ကျွန်တော့်ရဲ့ သံယောဇဉ်တွေဟာ ဖြူစင်ခြင်းကနေ

နွယ်တို့ သားအမိသည် နွယ့်အဒေါ်နှင့်ပင် အတူတူနေကြကြောင်း နွယ့်အပြောအရ သိရသည်။ သားထောက်သမီးခံ မရှိသော အဒေါ်ဖြစ်သူက နွယ့်ကို အမွေစားအမွေခံဖြင့် မွေးစားထားကြောင်းလည်း ပြောပြသေး၏။ နွယ် ကံကောင်းတာပေါ့ဟု ကျွန်တော်ပြောလျှင် နွယ်က လေးတွဲစွာဖြင့် မှန်သင့်သလောက်တော့ မှန်တာပဲ မောင်မောင်ရယ်။ အခုအချိန်ကျမှတော့ ဖြစ်သမျှ အကြောင်းအကောင်းချည်းလို့ပဲ မှတ်ယူရတော့မှာပေါ့။ နွယ်အတွက်ကတော့ ဖေဖေဆုံးသွားကတည်းက ကံကောင်းတယ်ဆိုတာတွေကို လက်ခံလို့ မရတော့ပါဘူးဟု ဆိုရှာသည်။ နွယ် တော်တော် ပြောင်းလဲသွားခဲ့ပြီ။ ဟိုအရင်တပ်ကုန်းကလို အပူအပင်ကင်း၍ လွတ်လပ်ပေါ့ပါးသောကလေးတစ်ယောက်၏ ပုံရိပ်သွင်ကို နွယ်ထံမှာ မတွေ့ရတော့။ နွယ်သည် ရင့်ကျက်ခဲ့ပြီတည်း။

'ဒါနဲ့ စီးပွားရေးရော ပြေလည်ရဲ့လား နွယ်'

နွယ့်အဒေါ်က ပိုပိုလျှံလျှံရှိတတ်သည်ကို သိရက်နှင့် လောကဝတ်အရ မေးဖြစ်သည်။

'ပြေလည်ပါတယ် မောင်မောင်ရယ် မင်းတို့လိုတော့ ဘော့်စ်မဟုတ်ဘူးပေါ့ .... နော့'

တပ်ကုန်းမှာကတည်းက ဝင်ငွေကောင်းသော ဖေဖေ့ဆေးခန်းအခြေအနေကို မမေ့မလျော့ နွယ်က ထုတ်ဖော်သည်။

'မဟုတ်တာဗျာ ....'

တစ်ခါတရံတွင်တော့ နွယ်က လူကြီးဆန်စွာ ဆုံးမတတ်သည်။

ကိုယ့်မိဘက ချမ်းသာတယ်၊ တတ်နိုင်တယ်ဆိုပြီး ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား မာနထောင်လွှားနေကြတဲ့သူတွေဟာ တကယ်တော့ အတွေ့မှားနဲ့ လမ်းလွဲလိုက်နေကြတဲ့ သူတွေပဲ မောင်မောင်။ အဲလိုလူမျိုးတွေကို နွယ် သိပ်မုန်းတယ်။ မိဘက သားသမီးမျက်နှာမငယ်ရအောင် ကြိုးစားထောက်ပံ့မှတော့ တို့တွေကလည်း တို့ တတ်နိုင်သလောက် ကြိုးစားရမှာပေါ့။ ကျောင်းသားတာဝန်၊ သားသမီးတာဝန်တွေ ကျေရမှာပေါ့။ မောင်မောင်လည်း လိမ္မာအောင်နေနော် ....'

ကျွန်တော်က လက်ပိုက်ပြီး ဟုတ်ကဲ့ဟု ပြောင်စပ်စပ်နှင့်ဆိုကာ ခေါင်းညိတ်တော့ လှပသော နွယ့်မျက်စောင်းက စူးကနဲရောက်လာ၏။ မောင်မောင်နော် နွယ်က အကောင်း ပြောနေတာဟု ခပ်မာမာပြောတတ်သည်။

'တကယ်၊ ဟုတ်ကဲ့ပါ .... နွယ်ရယ် ....

Scanned with CamScanner

ပြီးတော့ အရောင်ပြောင်းလဲစ ပြုနေမှန်း နွယ်သိရင် စိတ်များ ဆိုးသွား မလား။ ရွံ့ရှာမှန်းတီးသွားလေမလား၊ စိုးထိတ်ရင်မောရပါရဲ့ နွယ်။

မျှော်လင့်ရည်စူး မြတ်နိုးဖူးသည်
ပွင့်ဦးသစ်နွယ် မောင့်သက်လှယ်ကို
နှောင်ကွယ်တိတ်တိတ် ကြိတ်မြို့သိပ်၍
စိုးစိတ်ကွန်ချာ၊ ဝေဒနာဖွဲ့....ရပါရဲ့ ....နွယ်ရယ်.... ဝေဒနာဖွဲ့.ရပါရဲ့။

(၃)

နွယ်တို့အိမ်ကို ပထမတော့ ခပ်ကျဲကျဲသာ ရောက်ဖြစ်ခဲ့သည်။

ရန်ကင်းရှိ နွယ်တို့တိုက်ခန်းသည် မြေညီထပ်တွင် ရှိသဖြင့် စတိုးဆိုင် ငယ်လေးတစ်ခုကို အဆင်ပြေစွာ ဖွင့်ထားနိုင်ခဲ့၏။ ထိုစတိုးဆိုင်တွင်တော့ နွယ့်မေမေ အန်တီချို အမြဲထိုင်လေ့သည်။ နွယ့်အဒေါ်ကတော့ ရန်ကင်းစင်တာ တွင် အလှကုန်ပစ္စည်းဆိုင် ဖွင့်ထားသည်ဟု သိရ၏။ သပ်ရပ်သန့်ရှင်းပြီး ပရိဘောဂ အတော်အတန် ပြည့်စုံသော နွယ်တို့ဧည့်ခန်း၏ အဆင်အပြင် ကြောင့် စီးပွားရေး ပြေလည်ပုံရမှန်း သိသာသည်။

'တပ်ကုန်းတုန်းကဆိုရင်တော့ နွယ် ကျောင်းစာကို ဘယ်အေးအေး သင်နိုင်လိမ့်မလဲ'

'နွယ့်ကံပဲပေါ့ နွယ်ရယ် ....'

နွယ့်ကို ဘယ်လိုပဲ ပြေလည်သည် ဆိုစေ၊ အန်တီ ချိုရော နွယ်ရော နှစ်ဦးစလုံးတွင် ဝင့်ဝါသော ဟန်ပန်တို့ကို မတွေ့ရနိုင်။ အိမ်ထောင်ဦးစီး မျက်ကွယ်ပြုလေသဖြင့် အားငယ်လေကြဟန်ပါပဲ။ နွယ့်အဒေါ် ဘယ်လောက် ပဲ စိတ်သဘောကောင်းကာ စေတနာပြည့်ဝသည် ဆိုဦးတော့ တစ်ပါးသူ လုပ်စာ ထိုင်စားနေရသည်ကို နွယ်တို့ အားနာတွန့်ဆုတ်ပေမည်။ ဒါကြောင့် အန်တီချိုကလည်း နွယ့်အဒေါ်၏ မတည်မှုဖြင့် အိမ်ဆိုင်ကလေး ဦးစီးသလို နွယ်ကိုယ်တိုင်လည်း တတ်နိုင်သမျှပညာဖြင့် ဆယ်တန်းကျောင်းသား ကျောင်းသူတွေ Dental မှ ဂျူနီယာလေးတွေကို Guide လုပ်ပေးနေကြောင်း နွယ် ကျွန်တော်ပြောပြသည်။

'နွယ် Guide လုပ်ရတော့ စာကျက်ချိန်တွေ လျော့ကုန်မှာပေါ့'

'ဒီလိုပေါ့ မောင်မောင်။ အချိန်ဆိုတာကို အကျိုးရှိရှိ ခွဲခြမ်းစိတ်ဖြာ သုံးရတာပေါ့။ လူတော့ နည်းနည်းပင်ပန်းတာပေါ့ကွယ်။ ဒါပေမယ့် နွယ်က နေသားကျနေပါပြီ။ အခုဆို နွယ်အပြင်စာ သိပ်မဖတ်ဖြစ်တော့ဘူးလေ။ ရုပ်ရှင်ဆို ဝေးရော၊ တစ်ခါတလေမှသာ သီချင်းလေးဘာလေး နားထောင် တော့တယ်။

'ရုပ်ရှင်ဆို သမ္မတမှာ ....တင်နေတယ် ....နွယ်ရဲ့။ ကျောင်းပိတ်ရက်မှာ သွားကြည့်ကြရအောင်လား'

'အို .... မကြည့်ချင်ပါဘူးကွယ်'

ကျွန်တော် စိတ်လှုတ်ကိုယ်လှုတ် ပြောလိုက်မိပြီးမှ နီမြန်းသွားသော နွယ့်မျက်နှာကို သတိထားလိုက်မိပြီး ကျွန်တော့်စကား မှားသွားကြောင်း သိလိုက်ရသည်။ ငါ့နွယ်နော် မဆင်မခြင်။ ကျွန်တော်တို့ အရွယ်တွေက ဟိုး ငယ်ငယ်တုန်းကလို အိမ်နှင့် မဝေးလှသော ရုပ်ရှင်ရုံဆီ ကားသစ်လဲ တိုင်း နှစ်ဦးသား အပြေးသွားကြည့်သင့်ကြသည့် အရွယ်တွေမှ မဟုတ်တော့ လေပြီပဲ။ ကျွန်တော် စကားမှားသွားသည့်အတွက် နွယ့်ကို ပြန်တောင်းပန်မည် ပြင်ပြီးတော့မှ မသင့်ပါဘူးလေ .... နွယ်ပိုရှက်သွားပါ့မယ်ဟု တွေးမိကာ မတောင်းပန်ဖြစ်တော့ဘဲ စကားလွှဲမိသည်။

'နွယ် နားထောင်လိုက်ရင် အလွမ်းသီချင်း တွေပဲနော်'

နွယ်က ခပ်သဲ့သဲ့ ရယ်လိုက်ပြီးတော့ 'မဟုတ်က ဟုတ်က ....နွယ့်ပင်ကိုကကို သီချင်း မြူးမြူးတွေ နားမထောင်တတ်တာပါ'

ဟု ပြောသည်။ နွယ်နားထောင်လေ့ရှိသည်က 'Casablanca' လို၊ 'Always on my mind' လို ခပ်ဆွေးဆွေး သီချင်းလေးတွေ၊ ဒါမှ မဟုတ် Celine Dion တို့ Mariah Carey တို့ရဲ့ ခံစားချက်အပြည့်ပါသော သီချင်းလေးတွေ ပေါ့။ Enrique Iglesias ကိုတော့ နွယ်နှင့် ကျွန်တော် အကြိုက်ချင်း တူကြလေသည်။ ဒါပေမယ့် ကျွန်တော်ကြိုက်သော Christina Aguilera ကို တော့ နွယ်က လုံးဝမနှစ်သက်ပေ။ ကျွန်တော့်ကို တောင် 'မင်းက သူရဲ့သီချင်းကို ကြိုက်တာလား၊ ဒါမှမဟုတ် ....'ဟု အကြပ်ကိုင် မေးသေး၏။ 'Both'ဟု ကျွန်တော်ပြောတော့ နွယ်က ကျောကို မနာအောင် ထုသည်။

2nd Year တက်ခါစမှာ နွယ်နှင့်ပြန်ဆုံတွေ့ရသဖြင့် စိတ်လှုပ်ရှားပျော်ရွှင်ခဲ့ရသော ကျွန်တော်သည် 1st test ရမှတ်များ ထွက်လာသောအခါ ကောင်းကောင်းကြီး စိတ်ညစ်ရတော့၏။

'ဘုရားရေ Anatomy ရော Physio ရော နှစ်ခုတောင် ကျတယ်။ ဟုတ်လား'

'၃၈ မှတ်နဲ့ ကျတာပါ ....နွယ်ရ'

ကျွန်တော် ဆင်ခြေပေးတော့ နွယ်က ကျွန်တော့်နားရွက်ကို ဆွဲလိမ်၏။

ဘာပဲဖြစ်ဖြစ် ကျတာက ကျတာပဲဟဲ့။ မင်း စာမကျက်ဘူးလား မောင်မောင် ....'

ကျွန်တော်က မနာပါဘဲနှင့် 'အား .... နာတယ် နွယ်ရ .... လွှတ်ပါ .... လွှတ်ပါ'ဟု နာချင်ယောင်ဆောင်ကာ အော်လေမှ နားရွက်ကို လွှတ်ပေးသည်။ 'ပြော .... နောက်ကို စာကျက်မှာလား .... မကျက်ဘူးလား'ဟု ခါးထောက်၍ မေး၏။

'ကျက်ပါ့မယ်၊ ကျက်ပါ့မယ် မမနွယ်ရဲ့'

ကျွန်တော်က လက်ပိုက် ခေါင်းညိတ်ဖြေတော့ နွယ်ရဲ့ ဟန်ဆောင်တင်းမာထားသော မျက်နှာထားက ပြုံးစိစိ ဖြစ်လာခဲ့ကာ 'တတ်လည်း တတ်နိုင်တဲ့ ကောင်လေး' ဟု ရေရွတ်သည်။ ပြီးမှ 'ကဲ.... ဘာလို့ စာမကျက်တာလဲ .... ဆို

Scanned with CamScanner

ခင်ဗျားနဲ့ ကျွန်တော်ဟာ တစ်ဘဝစီပါ

ကိုယ့်လေမ်း ကိုယ်လျှောက်ပါ

ခင်ဗျား ရွေးချယ်ထားတဲ့လေမ်း

ခင်ဗျား ပျော်ပျော်ကြီး လျှောက်လှမ်းသွားစမ်းပါ

....'ဟု မေး၏။

ကျွန်တော်ဘယ်လို ဖြေရပါ့မလဲ .... နွယ်။ စာကျက်မယ်ပြင်တိုင်း အတွေးထဲကို စိုးမိုးဝင်လာတတ်တဲ့ နွယ်ရဲ့ မျက်နှာလေးအကြောင်း၊ နွယ်ရဲ့အပြုံးလေးအကြောင်း၊ နွယ်ရဲ့ ကရကာစကားလေးတွေအကြောင်း၊ ကျွန်တော် ဘယ်လို သတ္တိမျိုးတွေနဲ့ ဖွင့်ဟပြောပြရပါ့မလဲ။ ကျွန်တော့်ရင်ထဲမှာ တိတ်တဆိတ် ပေါက်ဖွားနေတဲ့ အချစ်သစ်ပင်လေးအကြောင်း နွယ့်ကို ဘယ်လိုအသိပေးရမှာလဲ....နွယ်ရယ်။ နွယ်က အချစ်ကို သိနားလည်သူမှ မဟုတ်တာ။ တစ်ခါက ကျွန်တော်ရေးဖွဲ့ထားသော အချစ်ကဗျာလေး တစ်ပုဒ်ကို နွယ် ဖတ်ကြည့်ပြီးတော့.... 'အရေးအဖွဲ့ကတော့ ကောင်းပါတယ်။ ဒါပေမယ့် နွယ်ကတော့ မင်းကို အချစ်အကြောင်း မစဉ်းစားစေချင်သေးဘူး မောင်မောင်။ မောင်မောင့်လို လူငယ်လေးအနေနဲ့ ပူပြင်းလောင်မြိုက်တဲ့ အချစ်ကို ထိတွေ့ဖို့ စောလွန်းနေသေးတယ်' လို့ ဝေဖန်သတိပေးခဲ့သည်ပဲ မဟုတ်လား။

'မဖြစ်ပါဘူးကွယ်.... မင်းကိုတော့ နွယ် စာကူကျက်ပေးဦးမှပါ....'

နောက်ဆုံးတော့ စာမေးပွဲ ကျခဲ့သည်ကိုပဲ ကံကောင်းသည် ဆိုရမလား မသိပါ။ နွယ်နှင့် အတူ နွယ့်အိမ်သို့ သွားကာ စာကျက်ခွင့် ရခဲ့တာကိုတော့ ကျွန်တော် ဝမ်းသာမဆုံး ဖြစ်ရသည်။ တစ်ခြားကျောင်းသားတွေအပြင် ကျွန်တော့်ကိုပါ အချိန်ပေးရသော နွယ့်ကို အားနာမိသည်။ Fees ကလည်း Free မဟုတ်လား။ ဒါပေမယ့် အခုလို နီးကပ်ခွင့် ပိုမိုရရှိလာတာဆိုတော့ ကျွန်တော် ကျေနပ်တာ အမှန်ပင်။

Guide လုပ်ပေးသည့် နွယ်က လခ မယူသည့်အခါ လကုန်ရက်တွင် ကျွန်တော် နွယ့်ကို L'oreal တံဆိပ် အလှကုန်တချို့ လက်ဆောင်ပေးဖြစ်ခဲ့သည်။

'ဟောတော့....ဒါတွေ မင်းဘယ်လို သွားဝယ်တုန်း'

Minor ပါ နွယ်ရယ်....အခန်းထဲက ကောင်မလေးတစ်ယောက်ကို မေးတာပေါ့။ မင်း မိတ်ကပ်လိမ်းခြယ်တာ သိပ်ကြည့်လို့ ကောင်းတာပဲ၊ ဘာညာနဲ့ ရွေရတာပေါ့။ အံမယ်....သူက အားတက်သရောနဲ့ကို ယုဇနပလာဇာ အထိလိုက်လာပြီး သူကိုယ်တိုင် ဝယ်ပေးတာ။ ကျွန်တော့်ကိုတောင် J'donuts မှာ ကော်ဖီတိုက် လိုက်သေးတယ်.... သိလား'

'လုပ်တော့မယ်....မင်းကတော့'

'ကျွန်တော် ကျေနပ်အောင် လက်ဆောင်အဖြစ် ပေးထားသော မိတ်ကပ်ပစ္စည်းတွေ သုံးစွဲလိမ်းခြယ်ထားသည့် နွယ့်မျက်နှာလေးကို ကြည့်ပြီး အရမ်းပီတိဖြစ်ရသည်။ ဖြစ်နိုင်ရင် နွယ့်ကို အမြဲတမ်း အလှထိုင်ပေးကြည့်ချင်နေတဲ့ ကျွန်တော်ပါ။

နွယ့်အနားတွင် ထိုင်ကာ စိတ်ကူးလှလှလေးများ ယဉ်ခွင့်ရနေဆဲ။ တစ်ခုသော ညနေ၌ ကျွန်တော့်ရင်ထဲတွင် စိုးရိမ်စိတ်တို့ စတင် ဖြစ်ထွန်းခဲ့ရလေသည်။ ထိုနေ့က ကျောင်းမှ အတူတူ ပြန်လာခဲ့ပြီး နွယ့်အိမ်အရောက်တွင် အန်တီချိုက ဆီးကြိုအသိပေး၏။ 'သမီးရေ....မောင်စိုးညီဆီက စာစားပွဲပေါ် တင်ထားတယ်' တဲ့။ နွယ့်မျက်နှာက မဆိုစလောက်ကလေး ပြောင်းလဲသွားတာ ကျွန်တော် သတိထားမိလိုက်သည်။

ကျွန်တော်တို့ စာကျက်ကြသော စားပွဲပေါ်တွင် တင်ထားသော စာအိတ်ပေါ်မှ လိပ်စာကို အကဲခတ် ဖတ်ကြည့်လိုက်တော့ စက်ပူမှ လာသော စာဖြစ်လို့နေ၏။

'စိုးညီဆိုတာ၊ ဘယ်သူလဲနွယ် '

'နွယ့်မိတ်ဆွေပါ၊ Singapore မှာ ကျောင်းတက်နေတယ်'

နွယ်က ထိုမျှပဲ ပြောပြီး တစ်ခြားအကြောင်းအရာတွေဆီ စကားလွှဲသွားပါသည်။ နွယ် စာရှင်းပြနေသော်လည်း ကျွန်တော် စာထဲ စိတ်ဝင်စားလို့ မရတော့ပေ။

ကျွန်တော် အိမ်ပြန်မည့်အချိန်ရောက်တော့ နွယ်က အိမ်ပေါက်ဝအထိ လိုက်ပို့သည်။ ကျွန်တော်က မနေနိုင် မထိုင်နိုင်စွာပင် 'စိုးညီဆိုတာ နွယ်ရဲ့ မိတ်ဆွေရော ဟုတ်ရဲ့လား'ဟု ထပ်မေးမိသည်။ နွယ်က မျက်နှာလွှဲလျက်

'သူတစ်ပါးကိစ္စကို အလကားစပ်စုတာမျိုး နွယ် မကြိုက်ဘူး မောင်မောင်။ စိုးညီ ဘယ်သူဆိုတာသိရင်လဲ မင်းအတွက် ဘာမှ မထူးခြားပါဘူး။ အဲဒီတော့ ဆက်မမေးပါနဲ့လား မောင်မောင်။ နွယ် စိတ်မတိုချင်ဘူး'

ကျွန်တော် နွယ်ရဲ့ မျက်ဝန်းကို စိုက်ကြည့်မိ၏။ နွယ်ကလည်း ကျွန်တော့်ကို ပြန်ကြည့်နေပါသည်။ မှောင်ရီ ဖျိုးဖျအချိန်မှာတောင် နွယ့်မျက်ဝန်းတွေ တောက်လက်ဆဲပေ။ ခဏကြာမှ 'ဆောရီး နွယ်' ဟု တိုးတိုးပြောပြီး ကျွန်တော် လှည့်ထွက်လာခဲ့မိသည်။

'ကောင်းကောင်းပြန်နော်' ဆိုသော နွယ့်အသံလေးက ကျွန်တော့်နားထဲသို့ ခပ်သဲ့သဲ့ တိုးဝင်လာခဲ့၏။

လေပြည်ညင်းတို့က သွဲ့သွဲ့တိုက်ခတ်သော်လည်း ထိုညသည် မအေးမြပေ။

Scanned with CamScanner

(၄)

နွယ့်ကျေးဇူးဖြင့် 2nd B.D.S စာမေးပွဲကို အခက်အခဲမရှိ ဖြေဆိုအောင်မြင်နိုင်ခဲ့သော်လည်း နွယ့်ဆီ နောက်ပိုင်းတွင် မကြာခဏ ရောက်ရောက် လာတတ်သော စိုးညိမ့်၏ စာများကြောင့် ကျွန်တော် တော်တော် စိတ်အနှောင့်အယှက် ဖြစ်ရသည်။ နွယ် မကြိုက်သဖြင့် ကျွန်တော်လည်း ထပ်မမေး ဖြစ်ခဲ့ပေ။

ကျွန်တော် သထုံ ပြန်မည့်နေ့၏ မနက်ခင်းတွင်တော့ လက်ဆောင်တချို့ ဝယ်ရန်အတွက် နွယ်နှင့်အတူ မြို့ထဲသွားဖြစ်ခဲ့သည်။ 3Q တွင် ဖေဖေ မှာသော သွားပစ္စည်းတွေ ဝယ်။ အိမ်အတွက် လိုအပ်သည့် ပစ္စည်းအချို့ ဝယ်ပြီးနောက် J'donuts တွင် ကော်ဖီ ဝင်သောက်ဖြစ်ကြသည်။ နွယ်နှင့်အတူ သွားလာနေရင်းမှ 'စိုးညိ' အကြောင်း ခေါင်းထဲ ဝင်လာသောအခါ စိုးရိမ်စိတ်တို့ ဖြစ်ထွန်းရသည် နွယ်ရယ်။ နွယ့်ကိုသာ ဆုံးရှုံးရမယ်ဆိုရင်တော့ ကျွန်တော် တော်တော် နာကျင်ရမယ် ထင်ပါရဲ့။

'ပြန်ကြရအောင်၊ တက္ကစီငှားမယ် မဟုတ်လား'

နွယ့်အမေးကို ခေါင်းညိတ်ခြင်းဖြင့်သာ ကျွန်တော် တုံ့ပြန်ခဲ့သည်။

'ဘယ်လိုဖြစ်နေတာလဲ မျက်နှာကြီးက'

'ကျွန်တော် သထုံ မပြန်ချင်သေးဘူး နွယ်ရယ်'

'အံမယ် မပြန်ချင်ရအောင် ဘယ်သူ့ကိုများ လွမ်းစရာရှိလို့လဲ'

'နွယ်ရယ် ကျွန်တော်လေ'

ပေါက်ကွဲလုသော ခံစားချက်တို့ကို မနည်းကြိတ်မှိတ် မြိုသိပ်ထားလိုက်ရ၏။ နွယ်ကလည်း သူမ စကားမှားသွားသည်ကို ရိပ်မိသွားရုံမက အံ့အားသင့်စွာဖြင့် မျက်လုံးများ ဝိုင်းကာ ငိုင်တွေနေခဲ့၏။ ကျွန်တော်လည်း ဝဲလာသော မျက်ရည်စတို့ကို နွယ် မမြင်စေလိုသဖြင့် မျက်တောင်တဖျတ်ဖျတ် ခတ်ကာ တစ်ဖက်သို့လှည့်ရင်း ရှေ့တူရွမ္မ လာနေသော တက္ကစီတစ်စီးကို အလျင်စလို လက်ပြထားလိုက်ရသည်။

ကားပေါ်တွင်ကျွန်တော်တို့နှစ်ဦးသား တိတ်ဆိတ်နေခဲ့ကြောင်း (၁၂၃) လမ်းထိပ်တွင် ကားခဏ ရပ်စေပြီး ကျွန်တော်က 'သွားမယ် နွယ်'ဟု နှုတ်ဆက်ကာ ဆင်းလေမှ နွယ်က 'အေး အေး'ဟု မသဲမကွဲ တုံ့ပြန်ရှာသည်။

တဖြည်းဖြည်း ဝေးလို့သွားသော တက္ကစီကို ငေးကြည့်ရင်း နေရာတွင်ပင် ကျွန်တော် အတော်ကြာ ရပ်နေခဲ့မိသည်။ နွယ်ရယ် ကျွန်တော် မှားခဲ့ပြီ ထင်ပါရဲ့။ ဖွင့်မပြောသည့်တိုင် ကျွန်တော့်ရင်ထဲက တိတ်တခိုးအချစ်ကို နွယ် ရိပ်မိသိရှိသွားမှာ အသေအချာပါပဲ။ ဖြူစင်စွာ မချစ်နိုင်တော့တဲ့ ကျွန်တော့်နှလုံးသားကို အထင်များ သေးသွားမလား။

မုန်းများသွားမလား နွယ်ရယ်။

(၅)

ကျောင်းတွေ ပြန်ဖွင့်ပြီ။ ကျွန်တော် 3rd B.D.S စတက်ချိန်တွင် နွယ်နှင့် ကျွန်တော် ခပ်တန်းတန်းဖြစ်နေခဲ့ကြသည်။ နွယ်နှင့် ဝေးပြီး မနေတတ်ခဲ့ဟု ထင်ထားခဲ့သော ကျွန်တော်သည် ယခုလို အေးစက်တင်းမာနေသော အချိန်တွင်တော့ လူးလိမ့်နေအောင် ခံခဲ့ရသည်။ ပတ်ဝန်းကျင်၏ မသိမသာ အကဲခတ်မှုအောက်တွင်လည်း သိမ်ငယ်စွာ နာကျင်ရက်ရှိရသည်။ သူငယ်ချင်းမလေးတစ်ယောက်က 'နင်နဲ့ မနွယ်နဲ့ ဘာတွေဖြစ်နေကြတာလဲ'ဟု ပွင့်ပွင့်လင်းလင်း လာမေးခဲ့၏။ ကျွန်တော်လည်း ဒေါသထွက်ထွက်နှင့် 'နင် တော်တော်စပ်စုပါလား'ဟု အော်လိုက်မိသဖြင့် သူမပင် စိတ် ကောက်သွားကာ နှစ်ရက်လောက် စကားမပြောနိုင် ဖြစ်ခဲ့သေးသည်။ နောက်တော့မှ နေကြာစေ့နှစ်ထုပ် ဝယ်ကျွေးခြင်းအားဖြင့် သူငယ်ချင်းမနှင့် ပြန်ပြေလည်ရ၏။

နွယ်နှင့်ကျွန်တော်က လုံးဝ စကားမပြော ဖြစ်ကြတာတော့ မဟုတ်ပါ။ လမ်းမှာ တွေ့လျှင်တော့ အလာပ သလာပ ပြောဖြစ်ကြသည်။ များသောအားဖြင့်တော့ နွယ်က 'မောင်မောင် စာတွေ လိုက်နိုင်ရဲ့လား'ဟု မေးတာ များပါသည်။ 'Pharmaco' သိပ်မရဘူးဟု ကျွန်တော် ပြောလျှင် 'မသိတာရှိ၊ နွယ့်ကိုလာ မေးလေ'ဟုတော့ ပြောတတ်သေး၏။ သို့သော် ကျွန်တော် သွားမမေးဖြစ်ခဲ့ပါ။

ကျောင်းတွေဖွင့်ပြီး တစ်လလောက်အကြာ Micro အတန်းပြီးချိန်တွင် အခန်းပေါက်ဝ၌ နွယ် ကျွန်တော့်ကို လာစောင့်နေခဲ့၏။ မထင်မှတ်ထားခဲ့သဖြင့် ကျွန်တော် အံ့အားသင့်သွားကာ ရင်ကလည်း ဒိတ်ဒိတ်ခုန်လာခဲ့သည်။ တစ်ခန်းလုံးကလည်း မသိမသာ စောင်းငဲ့ အကဲခတ်နေကြသည်။ တစ်ချို့ဆိုလျှင် ကျွန်တော့်အနားသို့ လာကာ လမ်းလျှောက်သလိုလို ဘာလိုလိုနှင့် ရစ်သီရစ်သီ လုပ်နေခဲ့သည်။

'နွယ်၊ နွယ်၊ ဘာကိစ္စရှိလို့လဲ'

နွယ့်မျက်နှာက သိပ်မကောင်းလှပေ။

'အတန်းအားတယ် မဟုတ်လား၊ မောင်မောင်'

'အားပါတယ် နွယ်၊ နွယ်ဘာပြောချင်လို့လဲဟင်'

'ကန်တင်းခဏလိုက်ခဲ့ပါလား၊ မောင်မောင်'

နွယ်နှင့်ယှဉ်လျက် လိုက်လာခဲ့ရင်း ကျွန်တော် မောနေခဲ့၏။ ဘာကိစ္စများ ရှိနေလို့ပါလိမ့်။

ကင်တင်းအတွင်းကျကျရှိ ရုပ်ရည်သန့်သန့်နှင့် လူတစ်ယောက် ထိုင်နေသောစားပွဲဆီ သွားကာ နွယ်နေရာ ယူလိုက်တော့ ကျွန်တော် ကြောင်အအနှင့်ပင် လိုက်ထိုင်ရသည်။ ထိုလူက ဖော်ရွေစွာ ပြုံးပြပေမယ့် ကျွန်တော် သေသေချာချာတောင်မှ ပြုံးပြလိုက်မိရဲ့လား မသိပါ။ လောလောဆယ်တော့ သူ ဘယ်သူလဲဆိုတာ ကျွန်တော် သိချင်နေမိသည်။

'မောင်မောင် ကော်ဖီပဲ သောက်မယ် မဟုတ်လား'

နွယ့်အမေးကို စိတ်မပါစွာ ခေါင်းညိတ်

Scanned with CamScanner

တဲ့ ပြန်မိသည်။

'မိတ်ဆက်ပေးရဦးမယ်၊ ဒါ မောင်မောင်တဲ့။ နွယ့် မောင်လေးအရင်းလို ခင်ရတဲ့သူလေ။ နွယ်တို့က တပ်ကုန်းမှာ ရှိတုန်းက ခြံချင်း ကပ်လျက်ပဲ။ အခု Dental မှာ ပြန်ဆုံရတာ။ သူက စာတော်တယ် ကိုစိုးညီရဲ့။ 2001 all D လေ'

ကိုစိုးညီ။ ကျွန်တော် တုန်လှုပ်မှုကို မနည်း ထိန်းထားလိုက်ရသည်။

ကိုစိုးညီက ညင်သာစွာ ပြုံးပြပြီး 'တွေ့ရ တာ ဝမ်းသာပါတယ်'ဟု ဆိုရှာသည်။ ဖော်ရွေ တတ်သော လူကြီးလူကောင်းတစ်ဦး၏ ဟန်ပန် ပါပဲ။ နွယ်က တရင်းတနှီး မိတ်ဆက်ပေးက တည်းက နွယ်တို့ရဲ့ ပတ်သက်မှုကို မသိချင် လည်း နာကျင်စွာ နားလည်သဘောပေါက် ခဲ့ရပါပြီ နွယ်။

'အတန်းရှိသေးလို့ ကျွန်တော့်ကို ပြန်ခွင့် ပြုပါဦး'

နွယ်က မတားပါ။ Practical တစ်နာရီမှ စမည်ဆိုတာကိုလည်း နွယ် သိမှာပါပဲ။ ကျွန် တော့်ကို နားလည် ခွင့်လွှတ်ပေးနိုင်လိမ့်မည်ဟု တော့ မျှော်လင့်ပါသည် နွယ်။

(၆)

ကျွန်တော် တစ်ပတ်လုံးလုံး ကျောင်းလည်း မတက်၊ လာသမျှဖုန်းလည်း မကိုင်လေသော အခါ နွယ် ကျွန်တော်တို့အိမ်သို့ ရောက်လာခဲ့ ပါသည်။ နွယ်ရောက်လာခဲ့သော မနက်ခင်း အချိန်တွင် အဘွားက ဘုရားရှိခိုးနေခဲ့ပြီး အိမ်ဖော် ကောင်မလေးက အဘွားခိုင်းသဖြင့် မြို့ထဲသွား နေသောကြောင့် အိမ်အောက်ထပ်တွင် ကျွန်တော် တစ်ယောက်တည်းသာ ရှိနေခဲ့ပါသည်။

နွယ့်ကို မြင်ရသောအခါ အံ့သြမှုနှင့် နာ ကျင်မှုကို တစ်ပြိုင်တည်း ခံစားရ၏။

'မင်းကို ဒီလောက်ထိ ပေလိမ့်မယ်လို့ မထင်ခဲ့တာ အမှန်ပဲ မောင်မောင်တဲ့' နွယ်ရဲ့ အပြစ်တင်စကားက ကျွန်တော်ရဲ့ အကြားအာရုံ ထဲ ခါးသီးစွာ တိုးဝင်လာခဲ့သည်။ ကိုယ်စီ ကိုယ်စီ လမ်းခွဲလျှောက်လှမ်းပြီးမှတော့ ရှုံးနိမ့်သူရဲ့ ကြေ ကွဲမှု အမှားတွေကို ကျေးဇူးပြုပြီး အပြစ်မဖို့ပါနဲ့ လား နွယ်။

'ပြောစမ်းပါဦး။ မင်း ဘာတွေဖြစ်နေလဲ၊ ပြောစမ်းပါဦး'

'သိပ်ကောင်းတယ် နွယ်၊ ဟန်ဆောင်တာ

ကြောက်ခြင်းတို့ရဲ့ မြစ်ဖျားခံရာဟာ မတွယ်တာသင့်တဲ့ အချစ်မျိုး မချည်သင့်တဲ့ နှောင်ကြိုးမျိုးနဲ့ ချစ်မိ နှောင်တွယ်မိခဲ့ခြင်းပါပဲ

သိပ်ကောင်းတယ်'

'မောင်မောင်'

နွယ့်အကြည့်တွင် ဒေါသခိုးတို့ လွှမ်ဝေနေခဲ့၏။

'ဟုတ်တယ် နွယ်၊ ဒီလို ဘာကြောင့်ဖြစ်ရတယ်ဆိုတာ နွယ်လည်း အသိပါ။ ဘာလို့များ အနာဟောင်းကို လာဆွနေရသလဲ နွယ်။ နွယ်သိချင်ရင် ထပ်ပြောမယ်။ အဲဒါ နွယ့်ကြောင့်။ နွယ့်ကြောင့် ကျွန်တော် ဘယ်လောက် အထိ နာကျင်နေရသလဲ သိလား။ သိရဲ့လား နွယ်။ ပြောပါဦး'

'ဟင့်အင်း၊ ဟင့်အင်း'

နွယ်သည် တုန်လှုပ်စွာဖြင့် ကုလားထိုင်နောက်မှီကို ဆုပ်ကိုင်ထားလိုက် သည်။ ကျွန်တော် မျက်နှာကို လက်ဖြင့် ခပ်ကြမ်းကြမ်း ပွတ်လိုက်မိ၏။

'ပြင်မရတဲ့အဖြစ်တွေက ဖြစ်ခဲ့ပြီးပြီပဲ မောင်မောင်၊ ဒီအတိုင်းကြီးကို ပစ်စလက်ခတ်ကြီး မင်း ရေစုန်မျှောနေတော့ နွယ် ဘယ်လိုစိတ်ချမ်းသာ ရမှာလဲ၊ နွယ် ဘယ်လိုစိတ်ကောင်းမလဲ'

ကျွန်တော် နွယ့်ပခုံးကို လက်နှစ်ဘက်ဖြင့် ခပ်ကြမ်းကြမ်း ဆုပ်ကိုင် လိုက်၏။ နွယ်က အထိတ်တလန့်ဖြင့် 'အို' ဟု အာမေဋိတ်ပြုသည်။

'ပြောလေ။ ဒါဖြင့် ကျွန်တော် ဘယ်လိုနေပေးရမလဲ၊ နွယ်စိတ်ချမ်းသာ အောင် ဘယ်လိုနေပေးရမလဲ နွယ်၊ အားမနာတမ်းပြောပါ'

နွယ့်ပါးပြင်တွင် မျက်ရည်တို့ တလိမ့်လိမ့် စီးဆင်းလာ၏။

'ကျောင်းတွေလည်း သိပ်ပျက်နေပြီ မောင်မောင်၊ စာတွေလည်း လွတ်'

'ဘာလဲ နွယ်၊ အခုလိုအချိန်မှာ ကျွန်တော် အပြုံးမပျက်ဘဲ ကျောင်း မှန်မှန် တက်ပြီး စာကြိုးစားနေနိုင်မယ် ထင်လို့လား၊ မရဘူးနွယ်ရဲ့၊ ကျွန် တော် နွယ့်လို အသဲ မမာနိုင်ဘူး နွယ်'

'ဘာပဲပြောပြော မင်း ဆရာဝန် လုပ်မယ့်သူ၊ လူနာတွေရဲ့ အားကိုး အားထား ခံရမယ့်သူပါ မောင်မောင်။ ဒီလို လူမျိုးကမှ တာဝန်ဝတ္တရားနဲ့ ကိုယ်ရေးကိုယ်တာ ခံစားမှုကို မခွဲခြားနိုင်ရင်'

ကျွန်တော် နွယ့်ကို ဆောင့်တွန်းလိုက်မိ၏။ နွယ်သည် နံရံကို ကျောမှီလျက် နွမ်းလျစွာ အားတင်းရပ်နေရလေ၏။ ဖြူလျော်နေသော နွယ့်မျက်နှာဆီ လက် ညှိုးငေါက်ငေါက်ထိုးကာ ကျွန်တော် ဒေါသတကြီး အော်ပစ်လိုက်မိသည်။

'မဆိုင်တာ မပြောနဲ့၊ ခင်ဗျားအပြစ်လွတ်အောင် ရွှေပြည်အေးတရား လာဟောမနေနဲ့။ ဒီမှာ နွယ်၊ ကျွန်တော့်ဟာ ကျွန်တော် ဘာဖြစ်ဖြစ် ခင်ဗျား ပစ်ထားခဲ့စမ်းပါ၊ ထားခဲ့စမ်းပါ။ ကျွန်တော့်ရဲ့အချစ်ကိုတောင် ရက်ရက် စက်စက်နဲ့ ခင်ဗျား မျက်ကွယ်ပြုရက်သေးတာပဲ။ ခင်ဗျားနဲ့ ကျွန်တော်ဟာ တစ်ဘဝစီပါ။ ကိုယ့်လမ်း ကိုယ်လျှောက်ပါ။ ခင်ဗျား ရွေးချယ်ထားတဲ့လမ်း ခင်ဗျား ပျော်ပျော်ကြီး လျှောက်လှမ်းသွားစမ်းပါ'

'မောင်မောင်'

Scanned with CamScanner

'ပြန်ပါတော့နွယ်၊ ခင်ဗျား ပြန်သင့်ပါပြီ'

'မောင်မောင်၊ နွယ်'

'ပြန်တော့'

နွယ်သည် အနိုင်နိုင်ထိန်းရင်း မတ်တတ်ရပ်၏။

'ကောင်းပြီ မောင်မောင်၊ နွယ်ပြန်ပါ့မယ်၊ တစ်ခုတော့ နွယ် မှာခဲ့ပါရစေ၊ နွယ် မင်းကို မောင်အရင်းတစ်ယောက်လို ချစ်ခဲ့တယ်။ ဒီထက်လည်း မပိုခဲ့ရိုး အမှန်ပဲ။ မင်းအပေါ်မှာလည်း ရိုးသားစွာပဲ ဆက်ဆံခဲ့တယ်။ မတွယ်တာသင့်တဲ့ အချစ်မျိုးနဲ့ မချစ်ချင်လို့ ဖြူစင်စွာ ဆက်ဆံခဲ့ပေမယ့် မင်းကစပြီး အရောင်ပြောင်းသွားခဲ့တာပါ။ မင်းကို နွယ် မမြူဆွယ်ခဲ့ဘူး၊ မဆွဲဆောင်ခဲ့ဘူး၊ မဖြားယောင်းခဲ့ဘူး၊ ဒါကိုမှ မင်းက နွယ့်ကို မိန်းမကြမ်းကြီးရယ်လို့ အပြစ်တင်ရက်ရင်လည်း နွယ် မွေမယူဘူး မောင်မောင်'

နွယ့်အသံက တဖြည်းဖြည်း တည်ငြိမ်လာသည်။

'ထားပါ။ အရေးကြီးတာက မောင်မောင့်ကို မောင်ငယ် တစ်ယောက်လို သဘောထားဆဲ သံယောဇဉ်နဲ့ နွယ် သတိပေးပါစေ၊ မိန်းမတစ်ယောက်အတွက်နဲ့ ဘဝကို အရှုံးပေး ရေစုန်မျှောကြတဲ့ လူတွေထဲမှာ ငါ့မောင်ကို မပါစေချင်ဘူးကွယ်'

နွယ်ပြန်သွားခဲ့သည့်တိုင် ကျွန်တော် ကြက်သေသေကာ ငိုနေခဲ့မိသည်။

ကိုယ့်ကိုယ်ကိုယ် သတိထားမိချိန်မှာတော့ ကျွန်တော်သည် ကြမ်းပြင်တွင် ဒူးထောက်ကာ ရှိုက်ကြီးတငင် ငိုနေလျက်သား ဖြစ်နေပါသည်တကား။

(၇)

'တာဝန်ဝတ္တရားနဲ့ ကိုယ်ရေးကိုယ်တာ မခွဲခြားနိုင်ရင်'

'မင်းကို နွယ် မမြူဆွယ်ခဲ့ဘူး၊ မဆွဲဆောင်ခဲ့ဘူး။ မဖြားယောင်းခဲ့ဘူး'

'မိန်းမတစ်ယောက်အတွက်နဲ့ ဘဝကို အရှုံးပေး ရေစုန်မျှောကြတဲ့ လူတွေထဲမှာ ငါ့မောင်ကို မပါစေချင်ဘူးကွယ်'

နွယ်ရေ၊ နွယ့်စကားတွေကို ကျွန်တော် ကြားယောင်နေမိပါတယ်။ နောင်တရခြင်းကြီးစွာနဲ့ ကျွန်တော် ကြားယောင်နေမိပါတယ် နွယ်။

တဖြည်းဖြည်းကြားယောင်ရင်းနဲ့ အမှားတွေကိုလည်း တရေးရေး မြင်လာခဲ့ပါပြီ၊ အမှန်တော့ နွယ်က အပြစ်ကင်းစင်သူပါ၊ မှန်ခဲ့တဲ့သူပါ။ မှားခဲ့မိသူက ငမိုက်သား ကျွန်တော်ရယ်ပါ နွယ်။ ဖြူစင်ခြင်းကို အရောင်ဆိုးပိုးဖလံမျိုး မီးကို တိုးသလို ခံစားချက် လမ်းလွဲလိုက်ခဲ့တဲ့သူပါ။

မျက်နှာလည်း မပြဝံ့တော့ပါဘူး၊ နွယ်။

ဒါပေမယ့် တစ်နေ့နေ့မှာ နွယ့်ရှေ့မှောက် ရဲရဲဝံ့ဝံ့ ရပ်နိုင်တဲ့ တစ်နေ့နေ့ များပေါ့၊ ကျွန်တော့်ရဲ့ သမုဒယ အမှားတွေအတွက် ဝန်ချတောင်းပန်ပါဦးမယ် နွယ်။

တကယ်တော့ ကြေကွဲခြင်းတို့ရဲ့ မြစ်ဖျားခံရာဟာ မတွယ်တာသင့်တဲ့ အချစ်မျိုး၊ မချည်သင့်တဲ့ နောင်ကြိုးမျိုးနဲ့ ချစ်မိ၊ နောင်တွယ်မိခဲ့ခြင်းပါပဲ။ မချစ်သင့်တဲ့ အချစ်မျိုးနဲ့ ချစ်မိခဲ့တာကြောင့် ရင်ကွဲလုမတတ် ကြေကွဲခဲ့ရပါပြီ။

ရင်နှင့်ကြမ္မာ၊ ထိုဒဏ်ရာလျှင်

နွယ်တစ်မျှင်၊ နောင်တွယ်ငင်သည်ကြောင့်

နွယ်တစ်မျှင်၊ နောင်တွယ်...ငင်...သည်ကြောင့်

နွယ်တစ်မျှင်၊ နောင်တွယ်...ငင်...သည်... ကြောင့်...

ကြေကွဲခဲ့ရပါပြီ နွယ်ရယ်။ ။ ■

မိုးစက်ငြိမ်း

Scanned with CamScanner